# သုခုမအနုပညာရှင်

## ဂျာနယ်ကျော်မမလေး

(၁)

ဓါတ်မီးချောင်းရောင်များအောက်၌ရပ်ကာ ကျွန်မစီးရမည့် ရထားကို ပလက်ဖောင်းတစ်ဘက်က မျှော်ကြည့်လိုက်သည်။ ပြည်မြို့သို့ထွက်မည့်ရထားမှာ ခရီးသည်များကို အပြည့်တင်လျက် ထွက်ရမည့်အချိန်ကို ငံ့လင့်လျက် ရှိနေသည်။ ကျွန်မသည် ပလက်ဖောင်းကို ကျော်ဖြတ်လျက် လှေကားမှ ဆင်းခဲ့ကာ ပထမတန်းတွဲများ ချိတ်ထားသော နောက်တွဲများရှိရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ ပထမတန်းတွဲများ၌ ချိတ်ထားသော နာမည် စာကပ်များကို လျှောက်ဖတ်ကာ ကျွန်မနာမည် ကပ်ထားမည့်တွဲကို ရှာရလေသည်။

ကျွန်မမှာ ခရီးသွားရင်း လမ်းတွင် စာရေးဖို့ရာ အလုပ်ပါလာခဲ့သည်။ ကျွန်မစီးမည့်တွဲ၌ ခရီးသည်များမပါရင် ကောင်းမှာပဲဟု အောက်မေ့ခဲ့သည်။ တစ်နေ့လုံးစီးရမည့်အတွက် တစ်နေ့လုံးဝတ္ထု ထိုင်ရေးနိုင်ရန် အားခဲလာခဲ့သည်။ တွဲတစ်တွဲ၌ ချိတ်ထားသော နာမည်စာကပ်တို့ကို မကြည့်သေးခင် တွဲထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ခရီးသည်များ ထိုင်နေကြ၏။ ကျွန်မ စီးရမည့် တွဲများလားဟု စိတ်အားလျော့လျော့နှင့်ပင် နာမည်ကပ်ကို ဆွဲယူကြည့်လိုက်သည်။

ကြည်ကြည်ဌေး
မမလေး

ကျွန်မနာမည်အထက်မှ ကြည်ကြည်ဌေးဆိုသော နာမည်ကို မြင်မြင်ချင်း ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေးပဲဟုတွက်ကာ တစ်နေ့လုံး ကျွန်မနှင့်အတူသွားမည့် ခရီးသည်သည် အနုပညာသည်တစ်ဦး ဖြစ်သဖြင့် စိတ်ဝင်စားရမည့် ခရီးဟု တွေးထင်လိုက်သည်။
အသက်ခြောက်ဆယ်ကျော် အမယ်အိုနှင့် ဆေးပြင်းလိပ်ခဲထားသော လူဝဝမဲမဲတစ်ဦးမှာ ကျွန်မအား စိုက်ကြည့်လျက် အကဲခတ်နေဟန်တူသည်။ ခပ်ရွယ်ရွယ်မိန်းမနှင့်  ကြည်ကြည်ဌေးမှာ အိပ်ပျက်လာကြပုံ၊ အိပ်စင် ဖြန့်ခင်းလျက် ရထားမထွက်ခင် လှဲခွေမှိန်းနေကြ၏။

ကြည်ကြည်ဌေးအား လှမ်းကြည့်လိုက်ကာ တစ်ဖက်မှ ကုလားထိုင်များကို အိပ်စင်အဖြစ် ဖြန့်ခင်း နေရာယူလိုက်သည်။ ကောင်းကင်၌ ဖြူရောင်သန်းစပြုချိန် ရထားလည်း ဘူတာရုံမှ ထွက်ခွာလာသည်။ အေးမြသော လေကောင်းလေသန့်နှင့် ဆုံတွေ့ကာ ကြည်လင်သာယာသောနံနက်ခင်းကို ခုံမင်နှစ်မြို့က်စွာ ကြည်နူးလျက် ငေးမောနေလေစဉ် တစ်ဖက်မှ လှုပ်ရှားသွားသောသဏ္ဍာန်ကြောင့် အသာလှဲ့ကြည့်လိုက်သည်။

ဗိုက်ထဲကအောင့်လိုက်တာ ဟု နှုတ်က ဆိုညည်းရင်း အပေါ်ထပ် အိပ်စင်ပေါ်၌ အိပ်ရန် လှေကား ကလေးကို ခိုတွယ်တက်နေသော ကြည်ကြည်ဌေးနှင့် မျက်လုံးချင်း ဆုံမိကြလေသည်။ ပြည့်ဝိုင်းကြည်လင်သည့် မျက်နှာလေးမှ တောက်ပလှသော မျက်လုံးအစုံတွင် ပြုံးစနဲ့ ပြုံးကြည်ဖြင့် ချိုမြမြမျက်နှာလေးကို တုံ့ပြန်ချိုသာကြည့်လျက် ရုပ်ရှင်၊ ပြဇာတ်များထဲတွင် အကြိမ်ကြိမ်တွေ့ဖူးခဲ့သော မူရာဟန်ပန်များကို ကွက်ခနဲ မြင်ယောင်လိုက်လေသည်။

သူ့ဇာတ်ကွက်ကို နိုင်နင်းစွာ သဘာဝကျကျ သယ်ယူတတ်နိုင်သော သူ၏ပညာစွမ်းရည်ကို ပြဇာတ်မှ စတင်၍ စူးစိုက်ခဲ့၏။ သူ့အား ပွင့်သစ်စ ပညာသည်ကလေးဟု ထင်မှတ်ယူဆ ကြည့်လို့မရဘဲ ဝါရင့်ပြီးသား ပညာသည်တစ်ဦးဟု စိတ်ထဲတွင် စွဲလမ်းယူဆထားသည်။ သူပါဝင်ကပြသော လင်းလုလုရောင်နီ ပြဇာတ်ကို တစ်နေ့နေ့သူ့အား ဖလင်ပေါ်၌ ထင်ပေါ်ကျော်ကြားစွာ မြင်ရဦးတော့မည်ဟု တစ်ထစ်ချတွက်ထားခဲ့သည်။

ကျွန်မမှာ ရုပ်ရှင်ပြဇာတ်များကို သွားရောက်ကြည့်သည့်အခါတိုင်း ဇာတ်လမ်းဇာတ်ကွက်ထက် ပညာသည်များ၏ ပင်ကိုယ်အရည်အသွေးကို ပိုမို၍ အာရုံထား စူးစိုက်အကဲခတ်ကြည့်သော အကျင့်ပါနေသဖြင့် ရုပ်ရှင်ပြဇာတ်ကြည့်လျှင် ဇာတ်ကောင်တွေ၏ အမူအရာဟန်ပန်သဏ္ဍာန်ကို သက်သက်သွားကြည့်နေသည်နှင့် တူနေ၏။ အချို့ အချို့သော ရုပ်ရှင်ပြဇာတ် မင်းသား မင်းသမီးများ၏ အမူအရာ သရုပ်သဏ္ဍာန်မှာ ဇာတ်ကွက်၊ ဇာတ်ခန်းနှင့် မသိမသာလွတ်ချော်သွားတတ်သည့် အချက်အလက်တွေကို ဂရုပြုလွန်း၍ ဖမ်းမိတွေ့ဆုံရပုံနည်းမျိုး၊ ကြည်ကြည်ဌေး၏ လွတ်ကွက်၊ လစ်ကွက်ကို တွေ့မြင်ရခဲသောကြောင့် သည်လောက်ကိုယ်ရောစိတ်ပါ စွမ်းဆောင် သွားနိုင်သည့် အရည်အချင်း၊ တစ်သားတည်းကျ ညီနိုင်သောအသားသေပုံမျိုးမှာ သူ့တွင် အနုပညာအခြေခံ ရင့်သန်ပြီးသားဖြစ်၍သာဟု ဝေဖန်ချက်ချထားဖူးသည်။

ကျွန်မ၏ ဝေဖန်ဖူးချက်ကို သတိရ,ရခြင်း သူ၏ ပညာအခြေခံအစကို သိလိုသည့်ဆန္ဒမှာ နေရင်းထိုင်ရင်း ပြင်းပြလာလေသည်။ တစ်ဖက်တွင် အိပ်မောကျလျက်ရှိသော အမယ်အို၏ရုပ်ပုံကို စိုက်ကြည့်ကာ သူ့အမေနှင့်တူသည်ဟု ထင်သည်။ အမယ်အို၏ မျက်နှာမှာ ဖြစ်မိလျှင် ရှေ့သို့သာတိုးပြီး နောက်ပြန်လှည့်မကြည့်မည့် ပိုင်းဖြတ်နိုင်သည့် မျက်နှာမျိုး၊ ထက်မြက်သောအသွင် ဆောင်သည်။ အသားအရည် နူးညံ့ညက်ညော၏။ နီရဲသောလက်ဖဝါးတွင် စိတ်ပုတီးကို ဆုပ်လျက်အိပ်ပျော်နေသည်။

ပက်လက်ဆန့်လျက် အိပ်ပျော်နေသော လူဝဝကား ဒေါင်းတင် မောင်းတင် စိတ်ခတ်မျိုး ကိန်းဝပ်လျက်၊ ကြမ်းတမ်းခက်ထန် မယောင်ယောင်ဖြင့် နူးညံ့နေသည့် ကြန်အင်လက္ခဏာများလည်းရှိ၏။

ကြည်ကြည်ဌေးရဲ့ ခင်ပွန်းသည်ပဲဟုတွေးကာ ဆေးပြင်းလိပ်ကြီးပါးစပ်တပ်လျက် ပက်လက်ဆန့်ကာ ရင်ပေါ်လက်ပိုက်အိပ်နေပုံမှာ ကြည်ကြည်ဌေး၏ ခင်ပွန်းရုပ်မပေါက်ဘဲ သမီးကို ရင်အုပ်မကွာ အုပ်ထိန်းသော အဖေရုပ်ပေါက်နေ၏။

အထက်မှ အိပ်စင်ပေါ်တွင် တစ်ဖက်စောင်းအိပ်ပျော်နေသူကို ငေးစိုက်လျက် သူ၏ တင့်ဆန်းပြည့်လျှမ်းသော တေးသံနှင့် မူရာသဏ္ဍာန်များသည် ဝဲကာပျံကာကွေ့ပတ်ကာ မြူးကွန့်သီကျူးလှုပ်ရှားလျက် မြင်ကြားနေမိလေသည်။

အမယ်အိုသည် နိုးလာကာ ထ၍ထိုင်၏။ ရထားပြင်ဘက် လယ်ကွင်းများကို ငေးမောလျက် လွန်ခဲ့သော အတိတ်ကို သုခုမစောင်းကြိုး၌ တို့ခတ်ဖော်တီးလိုက်လေသည်။ ဟိုစဉ်က အမေတို့ နေခဲ့တဲ့နေရာတွေပေါ့၊ ပြည်ဒိစတြိတ်၊ လက်ပံတန်းနယ်၊ မိုးအိုင်ရွာမှာ အမေတို့ လယ်လုပ်ခဲ့တာ၊ ဒီတော့ ကြည်ကြည်ဌေးက ငယ်ငယ်ကလေးရှိသေးတာ၊ သမီးကြီးတွေကတော့ သူ့အရီးဇာတ်ထဲပါကြပြီ၊ ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံဆိုတာ အမေ့ယောင်းမ၊ အဆိုကောင်း၊ အကကောင်း ။ ကျွန်မသည် အမယ်အို၏ သုခုမစောင်းသံမှ လွင့်ပျံ့လာသော ကြားရသမျှ၊ ခံစားရသမျှ၊ အာရုံများကို အသေးစိတ် အနုအပြော့ကလေးပင်ပါလေအောင် ခြယ်မှုန်းလျက်နေခိုက် ကြည်ကြည်ဌေးသည် လှေကားမှ ဆင်းသက်လာကာ မျက်နှာဝင်သစ်ခဲ့ပြီးနောက် ကျွန်မ၏ မှန်ကူကွက်ထဲ၌ ထိုးထွင်းဝင်လာသော သူ၏မျက်နှာ အမူအရာအသံ၊ ကိုယ်လက်ဟန်ပန် အကုန်ဝင်အောင် တတ်စွမ်းနိုင်သလောက် ခံယူထားလေသည်။

ငါးနှစ်သမီးက စ,တာပဲဆိုပါတော့ အစ်မကြီးရယ်

ရထားသည် အရှိန်ပြင်းစွာ ခုတ်မောင်းနေ၏။ အပတ်ပေါင်း မရေမတွက်နိုင်အောင် ရထားဘီး လည်နေသကဲ့သို့ ကျွန်မ၏ ဦးနှောက်မှာ မရပ်မနား လည်နေလေ၏။ ကျွန်မအနီးတွင် စုဝေးလျက်ရှိနေသော မိသားစုသည် ကျွန်မ၏ မျက်လုံး၌ တစ်နေရာစီ တစ်သီးတစ်ခြားစီ ဖြစ်ချင်ဖြစ်လျက် ပျောက်မှုန်၍ မမြင်လိုက်၊ မြင်လိုက်လည်း ဖြစ်ချင်ဖြစ်လျက်၊ ကျွန်မ၏ အနီးအနား၌ မရှိသော သက်ရှိသက်မဲ့ အရာဝတ္ထုများသည် မျက်စိရှေ့တွင် ပုံသဏ္ဍာန် အသွင်အပြင်အမျိုးမျိုး ပေါ်ချင်လျက် ထိုပုံသဏ္ဍာန် အမျိုးမျိုးတို့မှ ထွက်ပေါ်လာသော အသံဗလံများသည် တစ်ဖက်က မြည်ဟီးနေလေသည်။

ရထားဘီးသံပေါ်ရာနောက်သို့ ရထားသည် ဥသြသံတွေနှင့် ထပ်ချပ်အတူ လိုက်ဘိသကဲ့သို့ပင် ကျွန်မ၏ အာရုံကို၊ ကျွန်မ၏ မျက်စိကို၊ ကျွန်မ၏နားကို ခြယ်လှယ်စိုးမိုးနေသော အသံရှင်၏ ခေါ်ဆောင်ရာ နောက်သို့ ထပ်ချပ်အတူလိုက်နေသော ကျွန်မမှာ မျက်လုံးထဲတွင် မြင်လာပုံအတိုင်း၊ နားထဲ၌ ကြားရပုံအတိုင်း၊ အာရုံထဲ ထင်ဟပ်လာပုံအတိုင်း ဖော်စွမ်းနိုင်လေအောင် ဓာတ်ပုံရိုက်လိုက်၊ စုတ်တံတို့လိုက်၊ ကလောင်ခြစ်လိုက်၊ နားစွင့်လိုက်ဖြင့်။

ကင်စင်မီးများ ထွန်းလင်းလျက် ငွေချည်ထိုး ဒေါင်းငှက်ကြီးဖြန့်ကားထားသော ကန့်လန့်ကာနီကြီး နောက်၌ ငါးနှစ်သမီးအရွယ် ကလေးမပေါက်စလေးသည် ဇာတ်ခုံအောက်၌ ဗေထိဗေထိ မြည်ဟီးလျက်ရှိသော ပွဲဦးထွက် ဆိုင်းသံဖြင့် စိတ်မာန်တက်ကြွစွာ ကားလိပ်ဖွင့်ကို စောင့်လင့်နေလေသည်။
ကလေးမလေးသည် သူနှင့်ယှဉ်ရပ်နေသော ပွဲဦးထွက် အပျိုတော်ကြီး၏ လက်ထဲမှ ကန်တော့ပွဲကို ခေါင်းလန်အောင် မော့ကြည့်လျက် ရင်ထဲအောင့်သက်သက်ရှိ၏။

ကတောင်အင်္ကျီ ဗလာထမီ စသည့် ဇာတ်မင်းသမီးဝတ်တန်ဆာချင်း တစ်ပုံစံတည်းဆင်တူပါလျက် မိန်းမကြီးက တစ်ပန်းသာကာ ကန်တော့ပွဲကိုင်မ,ထားခြင်း ငါမှ မနိုင်ဘဲ ကိုင်ပစေဦး ဟုတေး၏။

ဝီစီမှုတ် ဂလိုင်ခေါက်လိုက်ကာ ကန့်လန့်ကာကြီး ပင့်လိပ်တက်သွားလျှင် သူ့အရပ်အမောင်း ကလေးကို ကျော်တက်သွားသည်နှင့် လက်ကလေးကို ကွေးလျက်ချီလိုက်ကာ လက်ချီရာသို့ ဦးခေါင်းလည်စောင်း ညွတ်လျက် ပွဲကြည့်ပရိသတ်များ, မများ ဇာတ်ခုံပေါ်က အရင်အကဲခတ်ကြည့်လိုက်၏။

အပျိုတော် ပေါက်စလေးမှာ ပွဲကြည့်ပရိသတ်များမှ ကလို့ပိုအားရတတ်သည်။ ခုနှစ်သံချီလျက် အပျိုတော်ကြီး ကနည်း ကကြိုးအတိုင်း ဆိုင်းချက်အကျ တစ်ထပ်တည်းတူအောင် လိုက်ကလေ၏။

ပြည်မြို့၊ ပန်တောင်းဘက်၊ ငါးမျက်နှာဘုရားပွဲတော်၌ အပျိုတော်လေးလုပ် ထွက်ကခဲ့သည့် ဇာတ်ထဲဝင်သော ငါးနှစ်သမီး မင်းသမီးပေါက်စဘဝသည် ဤကစ,လေသည်။

မင်းသမီးပေါက်စလေး၏ မိဘများမှာ သဘင်သည်များ မဟုတ်။ ကိုယ့်လယ် ကိုယ်လုပ်ကြသည့် လယ်သမားမျိုးရိုးစစ်စစ်ဖြစ်သည်။ ပေါက်စအဖေ၏ နှမမှာ လက်ပံတန်းနယ်ဘက်၌ အကျော်ဒေးယ ဇာတ်ပိုင်ရှင် ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံဖြစ်သည်။
ပေါက်စ၏ မိခင် ဒေါ်အုန်းသည် ခင်ပွန်းသည်ကွယ်လွန်သွားပြီးနောက် သမီးလေးသုံးယောက်နှင့် သားများ ကျန်ရစ်ခဲ့သည်။ ဇာတ်ထောင်နေသူ ယောင်းမ မင်းသမီးကြီး ဒေါ်စိန်ယုံ၏ လက်ထဲ၌ ငွေစတွေ ဖွေးကနဲ မြင်ရသောအဖြစ်မှ စတင်၍ စိတ်ဝင်စားစွာပင် ဖအေမရှိသော ငါ့သမီးကလေးများ တောနေတောကြက်

တောင့်ကျဖြစ်တော့မည်ဟု တွေးခေါ်လျက် သမီးကြီးမသိန်းရှင်ကို တစ်လ ရှစ်ဆယ်နှင့် ယောင်းမဇာတ်ထဲ ပညာသင်ထည့်လိုက်၏။ မသိန်းရှင်သည် ဇာတ်ထဲ၌ မင်းသမီးအောင်သိန်းရှင်ဖြစ်လာလျှင် ဒုတိယသမီး မခင်ညိုကို ဇာတ်ထဲဝင်ရန် နားချလေသည်။ မခင်ညိုမှာ ဇာတ်သဘင်ကို ဝါသနာမထုံ၊ စိတ်မပါ၍ မျက်ရည်ဖြာဖြာကျကာ ငြင်းဆန်နေ၏။ မတတ်သာသည့်အဆုံးမှ မခင်ညိုဇာတ်ထဲ ဝင်ရသည်။ အငယ်ဆုံး သမီးကလေးမှာ အသက်လေးနှစ် ပြည့်သည်နှင့် အစ်မများကို အားကျမခံ အရီးလေး ဇာတ်အုပ်ဒေါ်စိန်ယုံထံ၌ အကသင်ကာ ငါးနှစ်သမီး၌ ဇာတ်ထဲတွင် ပွဲဦးထွက် အပျိုတော်ပေါက်စလေး ဖြစ်လာလေ၏။

မင်းသမီး ဒေါ်စိန်ယုံသည် ကလေးနှင့်မလိုက် အရွယ်နှင့်မမျှ ပညာကို လိုလားစုံမက်သည့် ပေါက်စ၏ အသည်းနှလုံးထဲက ပါလာသည့် ဗီဇကို မြင်သည်နှင့် ဇာတ်ထဲတွင် ဖူးဖူးမှုတ်မြှောက်စားတော့သည်။

ပြောလိုသင်လို့ သွက်လက်လွန်း၍ ဇာတ်ထဲ၌ သားတော် သမီးတော်လေးများ အခန်းတွင် ပေါက်စကို နေရာထားလိုက်သည်။ ဖိုးဦးတောင်သမိုင်း ၌ ပေါက်စကို သားတော်ကလေးအသွင် တစ်ခန်း ထွက်ကခိုင်းသည်။

ကားလိပ်ကြား၌ မင်းသမီးကြီးသည် ပေါက်စအား တဖွဖွသင်ပြနေ၏။

အပြင်ကျရင် ငိုပြနော်၊ ကြားရဲ့လား၊ မှတ်ထား၊ ဇာတ်ထဲမှာ ပြောငို၊ ဆိုငို နှစ်မျိုးရှိတယ်၊ ကဲ အရီး သင်ထားတဲ့ ပြောငို ငိုကြည့်စမ်းပါဦး

ပေါက်စသည် ချက်ချင်းငိုတော့မလို မျက်နှာပြောင်းလိုက်သည်။ ငိုမဲ့မဲ့ မျက်နှာလေးနှင့် ရင်တွင် စည်းချ ပေးထားသော ပုဝါစကို ဟန်ပါပါဆုပ်လိုက်ကာ ရင်ဘတ်ထုလျက်

ခုနှစ်စင်းနေရောင်  ကမ္ဘာမီး သားကြီးလောင်ပေ့ါ၊ မေမေရယ် နောင်ထူမည့်အသစ် အမယ်မင်း ကျုပ်လူပုံ ဖြစ်နိုင်ပ့ါမလား

ပြောငို အဆုံး ပုဝါနှင့် မျက်နှာအုပ်ကာ ငိုချလိုက်သည့် တစ်ခဏ အရီးလေးသည် ပေါက်စကို ကုန်းပွေ့ ဖက်လိုက်၏။

အမယ်လေးတော် လိမ္မာလိုက်တာ၊ ငါ သင်တိုင်းရသဟဲ့

အရီးလေးသည် အပြင်တွင် ပေါက်စ၏ ပြောငိုဆိုဟန်များကို ကားလိပ်ကြားက ရင်မ,၍ ချောင်းကြည့် နေ၏။ သူ့အခန်းအပြီး ပြေးဝင်လာသော သားတော်ပေါက်စလေးအား ဆီးပွေ့လျက် ကြိုဆိုလိုက်သည်။

ကန့်လန့်ကာပြင်ဘက်မှ ပွဲကြည့်ပရိတ်သတ်ကား သားတော်လေး အလွမ်းကောင်း၍ သူငါ အသီးသီး မျက်ရည်ဝဲနေကြပေ၏။

ပေါက်စ ခြောက်နှစ်သမီးအရွယ်တွင် ပရိသတ်၏ နှုတ်ဖျား၌ တသသ စွဲမက်ကြရသည့် အခန်းကား လူဘိုင်စကုတ် မဆိုးလင်မယားအခန်း ဖြစ်၏။ ခြောက်နှစ်သမီးနှင့် အသက်လေးဆယ်အရွယ် လူပျက် ပိန်ပိန်ရှည်ရှည်ကြီးတို့ စုံတွဲထွက်ကြသည်။
ပေါက်စသည် ဆံပင်ကြက်တောင်စည်းလျက် မျက်နှာကို မျက်နှာချေဖွေးဖွေးလူးကာ ပါးကွက်ဝိုင်းထား သည်။ ဗိုက်တွင် အဝတ်များကိုခု၍ ကိုယ်ဝန်ဆောင်လုပ်ထားသည်။

ကလေးကော်ပတ်ရုပ်ကလေးပိုက်လျက် ဆေးပေါ့လိပ်ကြီး မီးညှိ၊ လက်ကြားညှပ်ကာ မုဆိုးမယားလုပ် ထွက်လာသည်။ မုဆိုးကတော် ဇာတ်သေတ္တာအပေါ် ဆောင့်ကြောင့်ထိုင်လိုက်သည်နှင့် ပွဲကြည့်ပရိသတ်၏ ဝါးကနဲ အုန်းအုန်းကြွက်ကြွက် ရယ်သံများမှာ မစဲနိုင်သဖြင့် ပတ်မတုတ်ယူရသည်။

အစ်မကြီးရယ် အဲဒီအရွယ်လောက်ကပဲ ကျွန်မဟာ မှင်သေနေပြီဗျ၊ လင်မုဆိုးကြီးကို ဟောလို မျက်စောင်းထိုးပြီး စူပြတတ်တာ ပရိတ်သတ်ဆိုတာဝေါကနဲ ဝေါကနဲပေါ့

မျက်ခုံးရှုံ့ကာ မျက်စောင်းထိုးလျက် စူပုတ်ပြလိုက်သော ကြည်ကြည်ဌေး၏ မျက်နှာကလေးကို စိုက်ကြည့်လျက် ကျွန်မမှာ ဣန္ဒြေမဆည်နိုင်ဘဲ ရယ်မောမိသည်။

အဲသလို လူကြီးနဲ့တူအောင် လုပ်နိုင်လို့ ပွဲကျတာမြင်တော့ ဒါမှပညာဆိုတာ ဒီအရွယ်ကတည်းက ခေါင်းထဲဝင်သွားပြီလေ

မုဆိုးကြီးသည် လေးနှင့်မြှားကို ထမ်းလျက် မယားရှေ့တွင် ဆောင့်အောင့်နင်း လျှောက်ပြနေကာ ဇာတ်သေတ္တာနားတွင် ရုတ်တရက် ရပ်တန့်လျက် သံကုန်ဟစ်အော်လိုက်သည်။

လင်တော်မောင် သားငါးရှာထွက်ခါနီး ဘာအလိုမကျလို့ စူနေရတာတုန်း ရှင်မရဲ့

မုဆိုးကတော်သည် ဆေးပေါ့လိပ် ပါးစပ်ကိုက်ကာ ဗိုက်ကကိုယ်ဝန်ကို လူမြင်အောင် လှုပ်ပြလျက် တင်ပလင်ခွေပြင်ထိုင်ကာ ဒူးပေါ်တွင် လက်ထောက်၍ ဆေးလိပ်မီးခိုးတထောင်းထောင်းထအောင် ဖွာရှူပြီး မုဆိုးမျက်နှာကို မျက်စောင်းထိုးကြည့်၏။

သည့်တုန်းက ကျွန်မပြောတဲ့ စကားတွေဟာ အဓိပ္ပာယ် ဘယ်လိုမှန်း၊ ဘာပြောမှန်း ဘယ်သိမလဲ၊ ကန့်လန့်ကာအပြင်ဘက်ထွက်ခါနီး ခပ်ရှုပ်ရှုပ် ခပ်နောက်နောက် ဇာတ်ထဲက ယောကျာ်းကြီးတွေက၊ မိန်းမကြီးတွေ တစ်ယောက်တစ်ပေါက် ဝိုင်းသင်ပေးလွှတ်ကြတဲ့အတိုင်း အပြင်ကျတော့ ပါးစပ်က ဒီအတိုင်းထွက်တော့တာပဲ

မုဆိုးကတော်သည် လက်ညိုးတငေါက်ငေါက်နှင့် အော်ငေါက်ပြော၏။

သမင် ဒရယ်သား မစားချင်ဘူးနော်၊ ကျုပ်က ဆတ်မှ ကြိုက်တာ၊ ကျုပ်အကြောင်း သိတယ်မဟုတ်လား

ဇာတ်ထဲတွင် ငါးနှစ်၊ ခြောက်နှစ်အရွယ်ကလေးကဲ့သို့လည်းမနေ၊ ဘယ်သူက ဘာလုပ်ခိုင်းလုပ်ခိုင်း လုပ်ပြ၏။ စိတ်က သေသေဝပ်ဝပ် မဟုတ်။ ဆောင့်ကြွားကြွားနှင့် ဇတ်ဇတ်ကြဲ ဖြစ်နေလေသည်။

ကိုယ့်အခန်းမဟုတ်သည့် အခန်းများကို ကားလိပ်ကြားက ချောင်းကြည့်အတုခိုးနေ၏။ တစ်ညလုံးမအိပ်။ ပွဲပြီး၍ မိုးစင်စင်လင်းမှ မုန့်ဝဝစားကာ တစ်နေ့လုံး ထိုးအိပ်သော အကျင့်ဖြစ်နေသည်။

ဇာတ်ထဲက လူကြီးတွေရော အကုန်လျှောက်ပါကာ အကုန်လျှောက် သြဇာပေးတော့သည်။ ကားလိပ်ကြားမှ ပွဲကြည့်နေရာက ဆိုင်းကြားထဲရောက်သွားပြန်ကာ ဝါးရိုက်၊ ကြေးနောင်းတီးသူတို့အား ရှင်ကြီးက ဘာဖြစ်လို့ အိပ်ငိုက်နေရတာလဲ၊ မငိုက်ပါနဲ့၊ မိုးလင်းတော့အိပ်ပေါ့၊ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ပါ ဟု ခါးထောက်ပြီး သြဇာပေးတတ်သည်။

ဇာတ်ဆရာ အရီးလေးမှာ ပေါက်စထွက်ခါနီး သင်တာ အကုန်ပါသဖြင့် မျက်နှာသာပေး မြှောက်စားထားသည်။ ဘယ်မြို့ ဘယ်ရွာသွားကက မြို့ထဲ အရပ်ထဲတွင် ပေါက်စ မင်းသမီးကလေးအကြောင်းသာ နှုတ်ဖျား၌ စမ်းပွင့်နေလျက် ပွဲကချည်သွင်းပြီး ဟိုးဟိုးကျော် သွားတော့သည်။

ရာဇဝင်၊ နိပါတ်၊ သမိုင်း၊ ဇာတ်ထုတ်များပြရာတွင် ဇာတ်သူ ဇာတ်သားများ ရွတ်ဖတ်ဆိုပြောကြသော သီချင်း၊ စာသား၊ ပတ်ပျိုး၊ သဖြန်စသည့် သဘင်ပညာကို နားရေဝနေကာ ဘယ်သူထွက်ကနေနေ ဆိုပြောငိုပြော စကားလုံးများ မေ့နေလျှင် ကန့်လန့်ကာကြားက သူကထောက်ပေးလိုက်သေး၏။

အရီးလေးကို ဝန်ကြီးထွက်လုပ်ချင်သည်ဟု ပူဆာလှ၍ သူ့အရွယ် ဝန်ကြီးအဝတ်အတိုင်း ချုပ်ပေးရကာ ဝန်တွေထွက်လျှင် သူကလေး နောက်တိုး ဝန်ပေါက်စအဖြစ် ပွဲထုတ်လိုက်၏။ ဝန်ကြီးများ နောက်လိုက်ကာ ဝန်တပတ်လှည့်ကလေး၊ ဝန်က ကျကျနန ကပြသွား၏။

ဇာတ်ထဲတွင် ကလေးရယ်လို့ အိုးပုတ်ကလေးနှင့် ဆော့ပြုံနေခြင်းမရှိ၊ ဇာတ်သူ ဇာတ်သားတွေ သြဇာပေးလျှင်ပေးရ၊ မပေးရလျှင် အလကားမနေ၊ ပါးစပ်က အမြဲသီချင်းဆိုကာ ငြိမ်ငြိမ်မနေ၊ သူ့ပါးစပ်ဆိုင်းနှင့်သူ ကကာနေ၏။

သူ့အား ပွဲထဲတွင် တပင်တိုင်မင်းသမီးလေးအဖြစ် အရီးက ပွဲထုတ်ပေးခြင်းမှာ သုခုမအနုပညာ၏ အဆို၊ အက၊ နှစ်ရပ်စလုံး အရွယ်နှင့်မလိုက် ကနိုင်၊ ဆိုနိုင်ရန် ဖန်တီးပို့ပေးခြင်း ဖြစ်ပေသည်။

တပင်တိုင်မင်းသမီးလေးဘဝတွင် ပတ်စာပိုဆိုကလျက် ပွဲကြည့်ပရိသတ် သနားအောင် တွတ်တီးတွတ်တာ ပြောလိုက်သေးသည်။ သူ့အရွယ်ကလေးနှင့် မအေမုဆိုးမကို သဘင်ပညာနှင့် လုပ်ကျွေးနေရသည့်အကြောင်း တီတီတာတာ ဖွဲ့နွဲ့ဆိုတတ်ပြောတတ်လွန်း၍ ပွဲကြည့်သူများက ဆုချကြသည်။ ကန့်လန့်ကာရှေ့တွင် တွတ်တီးတွတ်တာ ပြောဆိုနေလျှင် ကန့်လန့်ကာနောက်တွင် အမေမုဆိုးမမှာ တရှုံ့ရှုံ့ငိုနေရ၏။

ဇာတ်ထဲဝင်တာနှင့် ညချင်းမွေး နေ့ချင်းကြီးလာသည့်အခါ ငါးနှစ်အရွယ် မင်းသမီးပေါက်စလေးသည် အောင်မြကျင်နာမည်နှင့် ကျော်ကြားသည့်ဘဝသို့ ရောက်လာတော့သည်။

၂)

အောင်မြကျင် ရှစ်နှစ်သမီး၌ ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံ ကွယ်လွန်သွားလေရာ ဇာတ်ခေါင်း ကွဲသွားလေ၏။

ထိုအချိန်တွင် အစ်မများမှာ အိမ်ထောင်ကျကုန်သည်။ ဇာတ်မင်းသမီး မလုပ်ချင်သော မခင်ညိုသည် ဇာတ်ထဲမှ ရုန်းထွက်ကာ ဒုတိယအရေးပိုင် ဦးစံဝကို လက်ထပ်လိုက်သည်။

အောင်မြကျင်တို့သားအမိမှာ ပခုက္ကူမှ ကိုဘချော မမယ်အံ့တို့ ထောင်သော ဇာတ်တွင် ပါသွားကြရသည်။ ထို့နောက် မင်းသား အမယ်ကြီးအို အောင်စိန် ဇာတ်ထဲပါရင်း စာရေးဆရာ နရားပြန် ဆရာခနှင့် သွားတွေ့ကြ၏။

ဆရာခမှာ ရှစ်နှစ်သမီး အောင်မြကျင်ကို မြင်မြင်ခြင်း အပွေးမြင် အပင်သိကာ အောင်မြကျင်နှင့် ရွယ်တူတန်းတူအရွယ် သူငယ်ကလေးတစ်ယောက်ကို လိုက်ရှာလေသည်။

ညောင်ဦးအထက် လက်ပန်ချီပေါ်ရွာမှ ကြီးရွှေခေါ် သူငယ်ကလေးတစ်ယောက် ရှာတွေ့၍ ကြီးရွှေအား အဆို အကရအောင် ဆရာခက ကြပ်မတ်၍ ပညာသင်ပေးကာ ပညာတတ်လျှင် အောက်ချင်းဖိုငှက် အမည်စွဲ၍ ကြီးရွှေကို အောက်ချင်းဖို၊ အောင်မြကျင်အား အောက်ချင်းမ အမည်ပြောင်းလျက် နှစ်ပါးသွားကစေသည်။

အောက်ချင်းမနှင့် အောက်ချင်းဖိုစုံတွဲမှာ မင်းသား မင်းသမီး နှစ်ပါးသွားကြီးမထွက်ခင် နှစ်ပါးသွားလေး ထွက်ကကြရ၏။

အပျိုစစ်ပါစစ်ပါ
အစ်ကို ချစ်စရာ ချစ်စရာ
မြကျင်ပျိုကညာ
စနစ်ကျကျနန အထအကြွနဲ့ ဂဏသေချာ
ပြည်ပြည်ရွာရွာ ကြေကြေညာညာ
သြဘာနာမည် လင်းသော်ကြောင့်
မင်းအပေါင်းတို့ ဂုဏ်တင်ကာ
သတင်းကောင်းစုံလင်စွာ အဖေခစီမံရှာ

ရှစ်နှစ်သမီးက အောင်ချင်းဖိုနှင့် နှစ်ပါးသွားတွဲကစဉ် ဤသီချင်းကို ပတ်စားပိုးအဆို အသွားမျိုးဆိုလိုက်၏။ ရထားတွဲတွင် သူ၏ တေးသံလေးကား ဝဲပျံလျက်ရှိနေသည်။ သီချင်းနှင့် တီးသည့် ဆိုင်းသံပါရောဖက်၍ နှစ်ချက်စီတီးလျက် ဆိုပြနေလေသည်။

အပျိုစစ်ပါစစ်ပါ
အစ်ကို ချစ်စရာ ချစ်စရာ
မြကျင်ပျိုကညာ
တယ် တယ် တယ် ဂျိ
ဝါသနာကြီးလွန်းသည့် သရုပ်မှာ ပေါ်နေလေသည်။ ဆက်၍ဆိုပြနေသော သီချင်းသည် လက်မမြှောက်ရုံ ကျန်တော့ကာ ဥာန်ရော၊ ဟန်ရော ပါလေ၏။

အော်တတ်တဲ့ပညာ မနေသာဆိုသလို ကျွန်မဝါသနာ ပါသည့်အတွက်ကြောင့်ကယ်ကြောင့်
ဒူ
အဲဒီလို ဘာဂီတွေ မပျက်၊နိုင်လို့ မရှက်မကြောက်နဲ့ ကရပေတာ၊ ဘယ့်ကလောက်မှ မလှတာတောင်၊ အကြောင်းကံက နည်းလေတော့၊ ကောင်းလှတယ်လို့တော့ မဟုတ်ပါဘူး ရှင်တို့ရဲ့၊ အစ်ကို အစ်မတို့ အပျင်းဖြေစရာ ကျွန်မဆိုပြမယ့် သီချင်းတွေဟာ နမူပိုင် ပိုင်နဲ့လည်း ကခဲ့ပါသရှင်၊ ဇူလိုင်လကမှ ရေးစပ်လို့ ပေးအပ်သေချာ၊ အမျေးအကပ်နဲ့ နဝင်သားစရာ ယခုနှစ်တော့ ပညာကလည်း နုသေးတာကိုတော့ အစဉ်ညှာတာလို့ ရှုကြပါတော့၊ တစ်ဆိတ် ကြီးပွားလို့ မြန်မကြာ၊ နိသျှည်းရလောက်ပါ အမှန်ပါ၊ အလုံးအထည်ကလည်း မထွားသမို့ အများတို့ ကြိုက်စရာ အားစိုက်မှာ တိုးပွားဖို့ ရှေ့လျှောက် ကြိုးစားသင်ဦးမှာ

ကျွန်မမှာ သီချင်းသံကို အာရုံပြုလျက်နေရာမှ ကလေးဘဝက ရွှင်မြူးစွာ ဆိုကနေသော ကလေးမျက်နှာ အတိုင်း ထားဆိုပြနိုင်ခြင်းကို အံ့သြမိလေသည်။

ကျွန်မ ဝါသနာပါသည့်အတွက်ကယ်ကြောင့် ဒူ ဆိုတဲ့အသံကဘာလဲ

သီချင်းအစကြားရသည့်အသံကို သီချင်းအဆုံး မေးကြည့်လိုက်သည်။

ကျွန်မ ဝါသနာပါသည့်အတွက်ကယ်ကြောင့် ဒူ အဲဒါမောင်းသံ အစ်မကြီးရဲ့ ဒီအချမှာ မောင်းက ထုလိုက်တာ
နောက်ထွက်မင်းသား မင်းသမီးများ ကကွက် ဆိုကွက် မကျန်ရှိအောင် ရှေ့ကနေ အစွမ်းကုန် ကြွသွားတတ်သဖြင့် သူတို့စုံတွဲထွက်ကာနီး မင်းသားမင်းသမီးကြီးများက တို့သေမင်းလေးတွေတော့ ထွက်ပြီ ဟု ဝိုင်းညည်းကြတော့၏။

အောင်ချင်းမသည် ငှက်မသဏ္ဍာန် စက်ကြိုးနှင့် ထွက်ကရာ အဆိုအက ပိုင်လွန်း၍ ပရိတ်သတ် စွဲမက်ကြရာတွင် အောက်ချင်းမကို ပီပီပင်မခေါ်ဘဲ အောင်ချင်းမ ခေါ်ကြသဖြင့် အောင်ချင်းမဟု ထင်ပေါ် ကျော်စောနေတော့၏၊ ရှစ်နှစ်သမီးအရွယ် အောင်ချင်းမဘဝနှင့် ပုဂံ၊ ညောင်ဦး၊ မကွေး၊ ချောက်၊ စလင်း၊ စကု စသည့် အထက်မြို့များကို လှည့်ကပြနေကြကာ ပြည်မြို့သို့ရောက်လျှင် မိုးကျ၍ ဇာတ်ခေါင်းခွဲလိုက်ကြရသည်။
ရထားသည် ဘူတာစဉ် ရပ်လိုက်၊ ထွက်လိုက်ဖြင့် အရှိန်ပြင်းစွာ ခုတ်မောင်းနေလေ၏။ ကြည်ကြည်ဌေး၏ ခင်ပွန်း ဦးအောင်သိန်းမှာ ဇနီးသည်ပြောသမျှ ငေးနားထောင်နေသည်။ ဆေးပြင်းလိပ်ကို မချွတ်ဘဲခဲထား၏။ အမေအိုသည် ဆိတ်ငြိမ်စွာ စိတ်ပုတီးစိတ်နေရာက စိတ်ပုတီးကို လည်တွင်ဆွဲလျက် ဆေးလိပ် ကောက်ယူဖွာလေ၏။
ဒီတုန်းကသမီးရယ်၊ သူများဇာတ်ထဲလိုက်ရတာ အောက်ကျတယ်လို့ ထင်လာတယ်၊ ဇာတ်ဆရာဆီက ပိုက်ဆံတောင်းရတာ အိပ်နေသေးတယ်၊ နေဦးဆို စောင့်နေရတာ၊ ယောင်းမမင်းသမီးကြီး ဇာတ်ပစ္စည်းတွေက ကျန်ခဲ့တော့ အဲဒီပစ္စည်းတွေနဲ့ အမေ ဇာတ်ခေါင်းလုပ်ပြီး ကလေးဇာတ်ထောင်တော့တာပဲ
ဒေါ်အုန်းမှာ သမီးကလေး အားကိုးအားထားပြုံးလျက် ဇာတ်ထောင်လိုက်လေသည်။ အောက်ချင်းမနှင့် ရွယ်တူ ကလေးမင်းသား လိုက်ရှာရလေသည်။

အောင်ချင်းမသည် သူနှင့်ရွယ်တူ မြန်မာ့ဝန်ထမ်း မောင်ဟန်စိန် မင်းသားကလေးနှင့် တွဲဖက်ကသည်။ ကလေးဇာတ်ကို အောက်ချင်းမက ဇာတ်စီးလေသည်။ ကလေးဇာတ်ထဲတွင် ဝန်ကြီးနှင့် လူကြမ်းများကိုသာ လူကြီးများထားလျက် တစ်ဇာတ်လုံး ကလေးများ ဖြစ်ကြသည်။

မင်းသမီး အောင်ချင်းမမှာ ငယ်စဉ်ကတည်းက သဏ္ဍာန်လုပ် သရုပ်တူရမည်ဟု သူ့ခေါင်းထဲက စွဲလာသည့်အတိုင်း လွမ်းခန်းများတွင် လူကြမ်းက သူ့ကိုပါးရိုက်လျှင် တကယ်ရိုက်ရမည်ဟု မှာထားသည်။

အောင်ချင်းမသည် လဲ၍သွားလေ၏။

လူကြမ်းက ပါးရိုက်ရမည့်အခါ လက်နှင့်မရိုက်ဘဲ ပါးပြင် ဝါးတင်သွားစဉ်ကရော့ ဟု ဒါချည်း ထပ်ခါ ထပ်ခါ ဆိုနေသဖြင့် လဲနေရာက အဲသလိုလုပ်နေတော့ ကျုပ်က ဘယ်လိုငိုရမှာလဲ ဟု ပွဲကြည့်ပရိတ်သတ်မသိအောင် လူကြမ်းကို မကြားတကြားကြိမ်းလိုက်မှ ဖြောင်းကနဲမြည်အောင် ချတော့သည်။

သနားလိုက်ပါရှင် ပါးရိုက်တာ မတော်လှသောကြောင့် မျှော်ဆကာ အကြောင်းကံနှင့် တောင်းပန်သည့်စကား

သူသည် လူးလဲ၍အထ လူကြမ်းက ပါးချလိုက်သည်နှင့် တပြိုင်နက် ပါးကိုပွတ်ကာ လှိုက်လှိုက်လှဲလှဲ ငိုချင်းချလိုက်လေသည်။

အောင်ချင်းမတို့ ကလေးဇာတ်မှာ ဇာတ်ပွဲကြီးများနည်းတူ ရာဇဝင်၊ သမိုင်းဇာတ်များ ကပြလျက် အရပ်လေးမျက်နှာ လှည့်ကကြ၏။ ချောင်းသမိုင်း၊ သင်္ဂဝိလိယဇာတ်များကို ကိုယ်တိုင်ဦးစီး၍ ကလေ၏။ မင်းသမီးအကန်းလုပ်၊ အရူးလုပ်တန်ဆာချွတ်သည့် အကမျိုးကို ထူးချွန်အောင် ကြိုးစားကလေသည်။

ဇာတ်ထဲ၌ ဝန်ကြီးများကို အငိုခိုင်းသည်၊ ငိုရမည့် အလုံးကို သူကသင်ပေးသည်။
ရှင်တို့ဟာ ဆိုင်းက တိန်– တိန်– တိန် ဆိုတော့ ရှင်တို့ အင်္ကျီဖားဖားနဲ့ မျက်နှာကာလိုက်တာနဲ့ ဒါငိုတာလားရှင့်၊ အရုပ်လို မငိုစမ်းပါနဲ့၊ နှာလေးများ ဟန်နဲ့ဘာနဲ့ ညှစ်ပြကြစမ်းပါဦး
တစ်ဇာတ်လုံးကို သူချည်းသင်ပြောသဖြင့် မင်းသားကလည်း သူ့ကိုသြဇာပေးသည်၊ မကနိုင်ဘူးဆိုကာ ဇာတ်ထဲကထွက်သွားတော့၏။ ဇာတ်ကို သူစီးပြီး သြဇာပေးလွန်းသည်ဟု နာမည်ထွက်မှုကြောင့် မင်းသား ခေါ်မရဘဲဖြစ်ကာ ဇာတ်နားထားရ၏။

အောင်ချင်းမ ၁၃ နှစ်အရွယ်တွင် နယားပြန် ဆရာခတို့ဇာတ် ပြည်မြို့သို့ ရောက်လာ၍ ဆုံမိကြသည်။ ဆရာခမှာ သူ့မင်းသားလေး အောင်ချင်းဖိုနှင့် ဇီးကွက်စိန်၊ ဒီးဒုတ်စိန် မင်းသမီးနှစ်လက်ရှိပြီးဖြစ်၏။ ဆရာခက သူ့ဇာတ်ထဲ ပြန်လိုက်ရန်ခေါ်သော်လည်း သူမှာလည်း ဇာတ်တစ်စင်ထောင်ပြီးသားဖြစ်နေ၍ ဇာတ်ဖြုတ်ကာ မလိုက်နိုင်။ သူနှင့်တွဲကရန် မင်းသားရှာရဖို့သာ အရေးကြီးနေ၏။

ဆရာခက ပြောမရသည့်အဆုံး မင်းသားသူရှာပေးမည်။ သူနှင့်လိုက်ခဲ့ဟုခေါ်လေ၏။ သားအမိ နှစ်ယောက်သည် ဇာတ်ပစ္စည်း၊ ဇာတ်သူဇာတ်သားများ စုစည်းကာ လှေကြီးတစ်စင်းဖြင့် မင်းသားရှာရန် ဆရာခနောက်သို့ လိုက်ကြလေ၏။
ဆရာခ၏ ဇာတ်လှေကြီးနှင့် သူတို့လှေကြီး နှစ်စင်းယှဉ်ကာ ပြည်မှထွက်လာကြသည်။ လမ်းတွင် ထုံးဘို၊ သလဲတန်းစသည့် အရပ်များတွင် မြစ်ဆိပ်၌ လှေဆိုက်၍ ဆရာခတို့ ဇာတ်တက်ကကြလျှင် သူတို့လှေလည်း မြစ်ဆိပ်ဆိုက်ထားရ၏။

ဆရာခက ခဏဝင်ကူပါဦးဆို၍ ဆရာခတို့ဇာတ်ထဲ ဝင်ကူပေးရသည်။ ရုတ်တရက်ကူရသဖြင့် ဇာတ်လည်း မတိုက်ရ။ သီချင်းစာလည်း မရဖြစ်နေရာ ဆရာခက ကသာကပါ နင်ရှေ့ကပြော၊ ငါကန့်လန့်ကာကြားက ထောက်မယ် ဟု ပြော၍ မြစ်ဆိပ်က တက်ကလေသည်။

အမေ စူဠသုဘဒ္ဒါ လုပ်ရမယ်တဲ့၊ အဲဒီဇာတ်ထုပ် ပြောပြစမ်းပါ
အောင်ချင်းမအမေသည် သမီးလေး ညဇာတ်ဝင်ကနိုင်ရန် မြစ်ဆိပ်လှေထဲတွင် ဆဒ္ဒန်ဆင်မင်း ဇာတ်နိပါတ်ကို ပြောပြရသည်။ အောင်ချင်းမအား မယားငယ် လုပ်ရမှာပဲ့ ဟု အမေက ဆိုသော စကားကို မှတ်ထားလိုက်လေ၏။
အောင်ချင်းမသည် မယားငယ်အခန်းကို ကြိုးစားပမ်းစား ပရိတ်သတ်ကြိုက်အောင် ကပြသည်။ မင်းသားကြီး ဆရာခက မုဆိုးလုပ်လေ၏။ ကန့်လန့်ကာနောက် ဆရာခက သီချင်းထောက်ပေးရသည်။ အတူပြိုင်ထွက်နေကြလျှင် ပတ်ပျိုးရှိ၊ သဖြန့်ရှိတာပဲဟု လက်တန်းထွင်တော့၏။
ခြောက်နှစ်သမီးလေးမှ ၁၃ နှစ်အတွင်း ဂီတဘက်တွင် အခြေခံနှံ့စပ် လည်ပတ်လာလေသည်။ မဟာဂီတစာအုပ်ကြီးအပြင် ဇာတ်စာအုပ်ကလေးများကို ဝယ်ကာ မျက်နှာမခွာ ဖတ်လျက် ပတ်ပျိုး၊ တေးထပ်၊ သဖြန်၊ လေးချိုး၊ ငိုချင်းများ၏ စာသားကြိုက်လျှင် အရကျက်ထားလေသည်။

ထိုအချိန်၌ ရတု ကို ငါးပေါက်ဆိုချင်မှ ဆိုလျက်နားတတ်သလို လေးပေါက်ကပ် သို့မဟုတ် နှစ်ပေါက်ကပ် အသံသွင်း ဆိုချင်ဆိုနေလေသည်။
ခန်းတွင်းရိပ်သာပတ်ပျိုးကို တပင်တိုင်မင်းသမီးလေးဘဝတွင် ဆိုလာခဲ့သည်။ ဤပတ်ပျိုးကိုပင် လွမ်းခန်း၌ စည်းမပါဘဲ ငိုချင်းဆိုချင်လည်း ဆိုလိုက်သည်။ အမျှော်ဆိုချင်လည်း ဆိုလိုက်သည်။ တေးထပ်ကို ငိုချင်း လုပ်ဆိုနေလျှင် ဆိုင်းက စည်းလွှတ်ပေးလိုက်ရလေသည်။

ဖွဲ့နွဲ့ပြောကာ ပွဲကျအောင် သုဘဒ္ဒါလွမ်းလေတော့သည်။ ငိုချင်းဆိုရင် ခဏဖြတ်လျက် ဖွဲ့နွဲ့ ဖြည့်ပြောနေသော စကားများကို ကြေးသံ ပတ်သံစွဲအောင် ပြောသွားလေသည်။

သီချင်းဆိုနေရင်း ရုပ်လုံးပေါ်အောင် အဓိပ္ပာယ်ကလေးရှင်းဖော် ပြောဆိုပြသွားရမှ အားရလေ၏။

နံနက်လင်းလျှင် စူဠသုဘဒ္ဒါမင်းသမီးကလေး သိပ်ကောင်းတာပဲ ဟု ဈေးထဲတွင် ကျော်နေမှုကြောင့် ဆရာခက မင်းသားမရှာဘဲ သူ့ဇာတ်ထဲလိုက်ရန်သာ ဆွဲလေ၏။ ကျွန်မမှာ ဇာတ်အဖွဲ့ကြီးနဲ့ လိုက်လာတာ ဘယ်ဖြစ်မလဲဆရာ ဟု ငြင်းဆန်ကာ ဇာတ်မင်းသားရှာပေးရန်သာ တောင်းပန်ရသည်။

ထုံးဘို၊ သလဲတန်းရုံတွေမှ ရေကြည်၊ အသုတ် အိမ်မဲရောက်သည့်အထိ မင်းသားရှာမရသေးချေ။ အိမ်မဲတွင် သူဌေး ဦးဘမောင်၏ ပန်းခြံထဲ၌ ဆရာခဇာတ်ထဲတွင် ဝင်ကပေးရ၏။ ဦးဘမောင်မှာ သူ့မိဘနှစ်ဦး၏ အလောင်းကို ပန်းခြံထဲတွင် မြှုပ်လျက် ရွှေဂူလုပ်ကာ နှစ်တိုင်းပွဲခံမြဲဖြစ်၏။

ဆရာခနှင့် သာလိုက်နေလျှင် မင်းသားရှာမရဖြစ်တော့မည်။ လှေကြီးပေါ်တင်လာသည့် ဇာတ်စရိတ် ကလည်း ကြီးလှသဖြင့် ဆရာခတို့ဇာတ်ကို အိမ်မဲတွင် ထားခဲ့ကာ ခွဲထွက်လာခဲ့ရာ ကျုံပျော်သို့ ရောက်ကြ၏။

ကျုံပျော်ရောက်လျှင် ဇာတ်ပစ္စည်းတွေနှင့် ဇာတ်သားတွေ ဇာတ်ရုံထဲထားခဲ့ကာ မင်းသားရှာကြပြန်၏။ ရေကြည်က ဆိုင်းဆရာလေးက ကတတ် ဆိုတတ်သည် သတင်းကြား၍ လိုက်ခေါ်ရသည်။ မင်းသားလေးကို မင်းသမီးလေးက သင်ပြပေးကာ ရွှေဒေါင်းဖို ဟု နာမည်ပေးလျက် ဇာတ်ကနိုင်ရတော့သည်။
နှစ်ပါးသွားသည့် အခန်းများ၌ လူရွှင်တော် လူပြက်များကို အားမရလျှင် မင်းသမီးလေးက ပြက်လုံးပေးပြီး ကသွားသည်။
မင်းသားတစ်လက် မင်းသမီးသုံးလက်နှင့် တွဲကရသည့်အခါ အခြားမင်းသမီးလေးများက မယားကြီး၊ မယားငယ် လုကာ ထေ့စောင်း ပြောဆိုနေပုံများကို စိတ်ထဲရှက်လာသဖြင့် ပွဲကျအောင် မခံချင်စိတ်ဖြင့် လက်တန်းထွင်ဆိုလိုက်သည်။

အပိုတွေ တက်ကာကြွားလို့၊ ဒီမှာ မုသားဆောင်ပါသရှင်၊ ရှင်ဟာလေ တယ်မုသားဆောင်ပါသရှင်၊ ဒါမျိုးကျတော့ ဒီက ပြိုင်ချင်စမ်း၊ ကိုယ်ပိုင်မော်တော်ကားရှိရဲ့သားနဲ့ လန်ချားအစုတ်၊ အပြတ်၊ အသတ်၊ အရပ်ကတို့ရေ ကြည့်ကြပါဦး၊ လန်ချား အစုတ်အပြတ် အသတ်၊ ဂျုံးဂျုံးကျမက်တတ်ပါတဲ့လင် ရွှေဒေါင်းဖိုနှင့်တွဲလျက် လှည့်ကလာကြသည်။ ဟသ်ာတမြို့တွင် မိုးကျသဖြင့် ခမောက်စုဇာတ်ရုံထဲတွင် မိုးခိုရင်း သောင်တင်နေကြ၏။ ဇာတ်သမားများ ကိုယ့်ရပ်ကိုယ့်ရွာပြန်ကုန်သဖြင့် ဇာတ်ပစ္စည်းများနှင့် သားအမိနှစ်ယောက် ရုံထဲတွင် ကျန်ရစ်ခဲ့ကြ၏။

ဇာတ်ရုံပိုင်မှာ မိုးတွင်းဘက် ရုံပိတ်ထားရမည့်အတူတူ ဖြစ်သလိုပဲ လူရှာက, ပါဟု တိုက်တွန်း၍ မင်းသားရှာကြသည်။ မင်းသားကလေး မရဘဲ ဇာတ်မင်းသား ထွန်းကြိုင်ကိုရ၍ မင်းသားအား တစ်ညခြောက်ကျပ်နှင့် ငှားလိုက်သည်။

ရွှေမန်းထွန်းကြိုင်မှာ ၁၃ နှစ်အရွယ် အောင်ချင်းမကို မလောက်လေး မလောက်စား မင်းသမီးလေး သဘောမျိုးဖြင့် ဝင်ဝင်ချင်း ဟဲ့ကောင်မလေး ဒီညကမဲ့ဇာတ် ငါစီးမယ်

အစ်ကိုကြီးက ဘာကမှာတုန်း

ပဋ္ဌာစာရီ မှောက်ခုံကမယ်၊ ပဋ္ဌာစာရီမှောက်ခုံဆိုတာ သိလား၊ ပဋ္ဌာစာရီဇာတ်အစစ်က မင်းသမီးက ရူးရတယ်၊ မှောက်ခုံကတော့ မင်းသားက ရူးရမယ်
အောင်ချင်းမသည် မင်းသားထံမှ ဇာတ်ဝင်ပိုချင်း တောင်းထားလိုက်ကာ နှိမ်ရမလားဟု တစ်နေ့လုံး စိတ်ထဲ တေးထား၏။

ရွှေမန်းထွန်းကြိုင်နဲ့ အောင်ချင်းမလေး တွဲကမတဲ့၊ ဘယ်သူက သာမယ်မသိဘူး ဟု အရပ်က အကဲခတ်ချင်၍ တမင်များပင် လာကြည့်ကြလေသည်။
ဇာတ်ကို ပြောင်းပြန်မှောက်ခုံကရမည် ဖြစ်သဖြင့် ပဋ္ဌာစာရီမှာ မြွေကိုက်ပြီး သေရမည်ဖြစ်၏။ မင်းသား ဒါသက အလွမ်းသယ်ကာ အရူးလုပ်ရပေမည်။

မှတ်မိပါသေးရဲ့ အစ်မကြီးရယ်၊ အဲဒီတုန်းက ကျွန်မလေ စိတ်ထဲ တေးထားတဲ့အတိုင်း ပညာမာနနဲ့ ပဋ္ဌာစာရီ မြွေကိုက်သေရမှာ တော်တော်နဲ့မသေဘူး၊ သားလေးခေါ်လိုက်၊ သမီးလေး ခေါ်လိုက်၊ မှာလိုက်၊ ကြားလိုက်၊ ငိုလိုက်၊ လွမ်းလိုက် လုပ်နေတာပေါ့၊ ရောင်နီလာတဲ့အချိန်အထိ လွမ်းကောင်းတုန်းပဲ၊ ပရိတ်သတ်ဆိုတာ မျက်ရည်နဲ့မျက်ခွက်၊ ကျွန်မအခန်းပြီးလို့ မင်းသားရူးဖို့လဲ ထွက်ကရော မိုးလည်းလင်းရော
ကြည်ကြည်ဌေးသည် ငယ်စဉ်က ပဋ္ဌာစာရီ မြွေကိုက်တွင် မင်းသားကို မခံချင်၍ မသာ, သာအောင် သူက ဘယ်လိုလုပ် လွမ်းပြခဲ့ပုံအတိုင်း ကျွန်မအား ငိုပြော၊ ဆိုပြော၊ လွမ်းပြောရင်း နောက်ကြောင်းပြန် ပြောနေပုံဖြစ်ရာ ကျွန်မမှာ ဇာတ်ပွဲကြည့်နေရသကဲ့သို့ပင် ပဋ္ဌာစာရီကို ငေး၍ ကြည့်နေလေသည်။
သူသည် စဉ်းစားတွေးတော၍ ပြောပြပုံ၊ လွမ်းပြပုံမျိုးမဟုတ်၊ တောက်လျှောက်မရပ်မနား ပြောငိုလွမ်းပြခြင်း ဖြစ်သည်။
ရွှေမန်းထွန်းကြိုင်သည် တစ်ညသာ တွဲကတော့လျက် နောက်ညအတွက် ခေါ်မရတော့ပေ။

ဇာတ်ခေါင်းကွဲနေခိုက် ခမောင်စုရုံထဲတွင် သောင်တင်လျက် သားအမိနှစ်ယောက် ဒုက္ခရောက်နေကြရာ အမေက မင်းသား ထွက်ရှာပြန်လေသည်။ ခမောက်စုဈေးထဲမှာ ငှက်ပျောသီးသည်လင်မယား ကိုစိန်ထွားနှင့် မစိန်ပုကို သဘင်ပညာသင်ပေးမည်ဟု ဇာတ်ထဲထည့်ကာ လူပြက်နှင့် မိန်းမကြမ်းလုပ်စေပြီး ၎င်းတို့သမီးလေး မလှခင်ကို ဝိဇ္ဇာခင်ဟု လက်ထောက်မင်းသမီးအဖြစ် အောင်ချင်းမက အဆိုအက သင်ပြပေး၏။
ကျော်မြင့် ဆိုသော သူငယ်လေး ရှာရလာခဲ့၍ မင်းသားလုပ်စေကာ ခမောက်စု၌ သတင်းကျွတ် ပွဲတော်တွင် ကကြရာ မင်းသားက မစွံချေ။ မင်းသမီးကသာလျှင် ဇာတ်သယ်ရလျက် မင်းသားက ညံ့နေ၏။ မင်းသားကျော်မြင့်နှင့် တစ်ခွေလုံးကသည်။ မင်းသားညံ့၍ အမြဲ့မြဲ့လှည့်ကရင်း မင်းသားကို စုံစမ်းသွားကြလေသည်။

လေးမျက်နှာမြို့၌ စိန်အောင်မင်းနှင့် တစ်ရွာတည်းနေသော အောင်ဝိဇ္ဇာ မင်းသားကလေးခေါ်ရ၍ မင်းသားသစ်ငှားကာ အောင်ဝိဇ္ဇာနှင့် တွဲကကြလေ၏။ မင်းသားလေးမှာ အကကောင်း၍ အဆိုမရ။ ဇာတ်ခုံပေါ်၌ အောင်ချင်းမနှင့် အောင်ဝိဇ္ဇာတို့၏ နှစ်ပါးသွားသစ္စာတိုင် တေးသံသာသည် ငြိမ့်ငြောင်း နွဲ့ပျောင်းလျက် တဝေ့ဝေ့ ရစ်ပတ်နေလေသည်။

၃)

အရွယ်လေးမှာ ဆယ့်ငါးနှစ်သို့ ဝင်လာလေပြီ။ သူသည် မင်းသားလေးနှင့် ချစ်ပင်ပျိုးလျက် ချစ်မိုးစွေနေ၏။ မင်းသားအဖေနှင့် အမေမှာ သား က,ရာနောက် ဇာတ်ထဲတွင် ပါလာကြ၍ အမေလုပ်သူက သားကို မင်းသမီးနှင့် ကြိုက်တာ ရိပ်မိကာ သဘောမတူ။ ဇာတ်မင်းသမီးနှင့် မပေးစား၊ အရပ်သူနှင့် ပေးစားမည်ဆို၏။ သားမှာအမေကို အသေအလဲ ကြောက်ရ၏။ အမေပြုရာနုရ၏။

ငသိုင်းချောင်းမြို့နှင့် ခြောက်မိုင်ဝေးသော ကညင်ငူသို့ ဇာတ်အဖွဲ့ရောက်လာသည့်အခါ မိုးကျလာလေ၏။ မိုးတွင်းဘက် ဇာတ်နားရသည်။ မင်းသားလေးသည် အဖေ အမေများနှင့်အတူ ဇာတိရပ်မြေ လေးမျက်နှာသို့ ပြန်သွားကြသည်။
မင်းသားလေး ပြန်တော့မည်ဆို၍ မခွဲနိုင်သဖြင့် သူ့အားခိုးသွားရန် ပူဆာသည်။ မင်းသားလေးက အမေ့ကို ကြောက်တယ်၊ မခိုးဝံ့ဘူး ဟု ပြောကာ ပြန်သွားလေ၏။
မိုးတွင်းဘက် ဇာတ်ဖြုတ်လိုက်သည့် ရောက်ရာအရပ်တို့၌ မိုးကုန်အောင် စောင့်ရမြဲဖြစ်၍ ကညင်ငူတွင် သောင်တင်ကြပြန်သည်။

အောင်ဝိဇ္ဇာကို လွမ်းနေလေသည်။ မျက်ရည်နှင့်မျက်ခွက်၊ မအိပ်နိုင်၊ မစားနိုင်လည်း ဖြစ်နေ၏။ ချစ်သူ အတွက် မယ်၏ အသည်းစိုင်ကလေးမှာ လောင်ကျွမ်းဆွေးပူလျက် နေလေသည်။
မြင့်မိုရ်တောင်အစွန်းက ဓူဝံကြယ်တွေ ကြွေကျလို့ မြေခစေဦး မမုန်းဘူးဆို၊ ရွှေမေတ္တာ မသွေဖီဘူးဆို မောင်လာနိုးနှင့် မျှော်ကိုးစောင့်စား၍ နေ၏။ မောင်က ပေါ်မလာ၊ ခွေယိုင်ကြွေကျလုနီးနေ၏။ ဇာတ်ခုံ ပေါ်၌ ချစ်ရည်လူး၍ ချစ်ကြည်နူးခဲ့စဉ်က မောင်ချွဲပလီခဲ့သည့် သီချင်းကလေးကို တဆွေးဆွေး ညည်းဆိုနေလျက် သေချင်အောင် လွမ်းပါဘိသည်။
မကြင်သန်းရယ် ငါ သေရတော့မယ် ငါ မနေနိုင်တော့ဘူးတော့၊ သူကလာမခိုးပေမယ့် ငါတော့ သူ့ဆီလိုက်တော့မယ်
မကြင်သန်းမှာ အောင်ချင်းမထံတွင် အဆိုလာသင်နေသော မိန်းကလေးဖြစ်သည်။
ဂျပန်ဆံတောက်ကလေးဖြတ်ကာ နားသံသီးကလေး ဆွဲထားသော မင်းသမီးအပျိုပေါက်စမလေးသည် မကြင်သန်းကို အဖော်ခေါ်ကာ နေ့ခင်းကြောင်တောင် လင့်ထံသို့ လိုက်ပြေးလေ၏။ ကညင်ငူနှင့် ခြောက်မိုင် ဝေးသော ရေကြည်ကို ပြေးကြသည်။

ရေကြည်တွင် ဇာတ်ထဲက မင်းသား မင်းသမီးကြီးအိမ်ကို ရှာသွားကြသည်။ မင်းသား မင်းသမီးကြီး လင်မယားက ကျုံပျော်ဘက် ကူးပို့ပေးကာ ကျုံပျော်မှနေ၍ မင်းသားလေးရှိရာ လေးမျက်နှာသို့ မင်းသမီးလေး လိုက်လာကြောင်း သံကြိုးရိုက်လိုက်၏။
အောင်ဝိဇ္ဇာသည် အမေရယ် လိုက်ပါရစေ ဟု ငိုရီပြော၏။ အမေက ဓားပြ၍ တားသည်။
သွားဝံ့ သွားစမ်း၊ သေရအောင်ပြင်
အမေကိုလည်း ကြောက်ရ၏။လိုက်လာသူကလေးကို ပြေးတွေ့ချင်ဖြင့် မင်းသားလေးမှာ မျောက်မီးခဲထိုင် ဖြစ်နေရှာသည်။

ကျုံပျော်လယ်ကွင်းထဲတွင် ပုန်းနေသော မယ့်ဆီသို့ မောင်ကမလာ။ ယောက္ခမလောင်းသာလျှင် ထမီစွန်တောင်ဆွဲလျက် လိုက်လာလေ၏။
ညည်း မရှက်ဘူးလားဟင်၊ ညည်းအသက်အရွယ်က လင်ယူရမယ့်အရွယ်လားအေ့၊ ၁၅ နှစ်တောင် ပြည့်ဦးမှာ မဟုတ်ဘူး။ ကျုပ်သား အရွယ်မရောက်မှုနဲ့ ဒုက္ခရောက်ပါ့မယ်၊ လင်ရှားသလား အေရယ်၊ ညည်း ပြန်ပါ. .
ယောက္ခမရှေ့မှောက် နသံသီးကလေးခါနေအောင် ရှိုက်ကာ ရှိုက်ကာ ငိုနေတော့သည်။
အမေရှိရာ ကညင်ငူဇာတ်ရုံသို့လည်း မပြန်ဝံ့၊ ယောက္ခမလောင်းကလည်း သူ့သားနှင့် မပေးစားနိုင်ဘူးဟု ခေါင်းခါခါ လည်ခါခါ ခါးခါးသီးသီး ငြင်းဆန်နေ၏။ ဖြစ်လာမှတော့ဗျာ၊ မိန်းကလေး တစ်ရက် နှစ်ရက်ဖြစ်နေပြီ၊ ခင်ဗျားကြီး ခင်ဗျားသားဆီ ခေါ်သာသွားပါတော့
အရပ်က မင်းသမီးကလေးကို သနားကြကာ ဝိုင်းတွန်းထည့်ကြမှ ယောက္ခမလောင်းကြီးသည် မကျေမနပ်နှင့် ခေါ်သွားရလေသည်။

ကျုံပျော်လယ်ကွင်းထဲမှ ကားဆိပ်သို့ ယောက်ျားလေးလို ဝတ်ပြီးသွားရသည်။ ဟင်္သာတတွင် တစ်ညဝင် အိပ်ကြရသည်။
ငါးနှစ်သမီးအရွယ် အောင်မြကျော်ဘဝက မင်းသမီးကြီး ဒေါ်စိန်ယုံထံ၌ ဆည်းပူးခဲ့သော သဘင်ပညာများနှင့် အတူတူသူသည် ရေနွေးကြမ်းနှင့် ဆေးလိပ်ပါ သောက်တတ်ခဲ့သည်။
ဟင်္သာတ၌ ယောက္ခမနှင့်အတူ တစ်ညဝင်အိပ်ရစဉ် အိပ်၍မပျော်၊ အိပ်ရာထဲတွင် ခြင်ထောင်ပြင်ဘက် ခေါင်းထုတ်လျက် မောင်နှင့်တွေ့လျှင်ဟူ၍ ဗဟိုရိစည် လေးချက်တီးအထိ ဆေးလိပ်ဖွာပြီး တွေးနေ၏။
ရွှေကြက်သည် အိပ်တန်းမှ သံသာသာ တွန်ကြူးနေစဉ် ခေါင်းအုံးပေါ် ဆေးလိပ်မီးဖွားများကျ၍ မီးထလောင်လေသည်။
ယောက္ခမလောင်းသည် လူးလဲထကာ မယ်၏ ဂျပန်ဆံတောက်ခေါင်းကို ထခေါက်၏။
မကောင်းတဲ့လိုက်တဲ့နိမိတ် ဟု စိတ်ထဲကထင့်ကာ အခေါက်ခံရ၍ ခေါင်းကို ထူပူသွားလေသည်။
နံနက်လင်းလျှင် ဟင်္သာတမှ အိုင်သပြေသို့ ကားနှင့်သွားကြသည်။ အိုင်သပြေမှ လှေကလေးနှင့် ဆုံကုန်းသို့သွားကာ ဆုံကုန်းကမှ လေးမျက်နှာသို့ ရောက်ကြ၏။
ယောက္ခမသည် သားရှိရာ သူ့အိမ်သို့ခေါ်မသွားဘဲ တစ်အိမ်တွင် ထားပစ်ခဲ့လေ၏။
မောင်လည်းမလာ၊ တွေ့ချင်လှပြီ၊ နေဝင်၍ မိုးချုပ်ပေ့၊ မောင်မျက်နှာကို မမြင်ရ၊ ရင်ထဲ၌ ခုန်နေ၏။
အချိန်နှောင်းကာ သန်းခေါင်ကြက်တွန်ကြူးသံကို ကြားရမှ မင်းသားလေး သားအဖ ရောက်လာကြသည်။
ယောက္ခမထီးကြီးက သားကို လိုက်ပို့၏။
ရော့ ပိုက်ဆံငါးမူး
မယ်သည် ယောက္ခမသူကြီးပေးခဲ့သော ပိုက်ဆံငါးမူးကို လက်ထဲတွင်ဆုပ်ထားကာ အမြိတ်ဖွာနေသော ဂျပ်စောင်ကို တူစုံမောင်နှံ လွှမ်းခြုံလျက် စိတ်ချလက်ချ အိပ်စက်ကြလေသည်။
ကညင်ငူမှ အမေလိုက်လာသည်။ ဇာတ်ရုံထဲ၌ ဇာတ်ပစ္စည်းတွေနှင့် မအေကို ပစ်ပြေးလေသလားဟု အမေက ပြောငိုလေသည်။ ဖြစ်မိမှ ထုံးစံအတိုင်း မင်္ဂလာဆောင်ကြရန် ပြောလေသည်။
ပိုက်ဆံမရှိဘူး၊ မင်္ဂလာဆောင်မပေးနိုင်ဘူး ဟု ယောက်ျားလေးဘက်က တင်းမာနေတုန်းပင် အရပ်က ဝိုင်းပြောမှ ယောက္ခမများက သူတို့အိမ်ကလေးကို သုံးရာ့ငါးဆယ်နှင့်ပေါင်၍ မင်္ဂလာဆောင်ပေး၏။
မြစ်ရေသည် ကမ်းပါးနှင့် ထိလုထိခင် ပြည့်လျက် ရှိ၏။ ကမ်းစပ်၌ လှိုင်းဂယက်ကလေးများ ရိုက်ပုတ်ကစားနေသည်။
မိုးသက်လေလည်း တသုန်သုတ် တိုက်ခတ်နေလျက် ကောင်းကင်မှာ ညိုမှုန်နေကာ မြစ်ပြင်မှ မြစ်ရေသည် ညစ်ထေးနေလေ၏။
လှေကြီးဖြုတ်ကာ ကမ်းမှ လှေကလေးခွာသွား၍ ကမ်းစပ်၌ရပ်နေသော မေသည် ရှိုက်ငင်ငိုလိုက်သည်။
မျက်ရည်များမှာ မဆည်နိုင်၊ မြစ်လယ်သို့ မျှော်ကြည့်လိုက်လျှင် လှေထဲ၌ တရှုံ့ရှုံ့ငိုကြွေးနေသော မိခင်ကို မျက်ရည်များအကြားမှ မြင်ရလေသည်။

နေရစ်ခဲ့ပေတော့ သမီး၊ အမေ့အတွက် ဆွေးမနေလေနဲ့တော့၊ သမီး စိတ်မချမ်းသာရင်သာ အမေ့ဆီကို ပြန်ခဲ့နော်၊ ပြန်ခဲ့ပါ
အမေသည် ရေထဲက အော်ငိုမှာသွားလေသည်။ မေ့မှာ ကုန်းပေါ်၌ ရပ်တည်၍မရတော့ဘဲ ဟစ်၍သာ အော်ငိုနေ၏။ မေ၏ ငိုကြွေးသံသည် မြစ်လယ်တပြင်တွင် ပဲ့တင်ထပ်လျက် ရှိနေလေသည်။
အစ်မကြီးရယ် ကျွန်မကို ကမ်းစပ်မှာ အမေထားခဲ့ပြီး ကညင်ငူရောက်တော့ ရုံထဲက ဇာတ်ပစ္စည်းတွေကို အားလုံးစွန့်ပစ်တော့တာပဲ၊ အရီးလေး ဇာတ်တုန်းက ကင်းစင်မီးထွန်းကခဲ့ရတာ၊ အမေ့လက်ထက်မှာ အင်ဂျင်စက်နဲ့ ဓာတ်မီးထွန်းကနေရပြီ၊ အင်ဂျင်စက်တွေရော၊ ဇာတ်သေတ္တာတွေရော ဇာတ်ပစ္စည်း၊ ကားမီး အစုံ ရှိပိုင်ကို အကုန်လုံးပေးပစ်ခဲ့ပြီး စိတ်နာနာနဲ့ အမေ လက်ပံတန်းကို ပြန်သွားတော့တာပဲ
ဘဝဇာတ်ခုံပေါ်၌ ကပြနေသော ကြည်ကြည်ငွေး၏ ဘဝဇာတ်လမ်းသည် ကျွန်မမျက်စိရှေ့ဝယ် ဇာတ်ခင်းလျက် မြင်မိသည်။ ကျွန်မသည် မျက်တောင်များစင်းလျက် သူ့အား တစိမ့်စိမ့်ကြည့်လျက် ငြိမ်နေစဉ်
ဒီတုန်းက ကျွန်မပါးစပ်ထဲမှာ ရွှေသွားကွပ်ထားတယ်၊ မင်းသမီးဆိုရင် ရွှေသွားနဲ့မှ နောက်ပြီး လောင်းကွက်အင်္ကျီဝတ်ဝတ်နိုင်မှ ဂိုက်ဆိုက်ကျတာ၊ ရွှေသွားနဲ့ စိန်ကတ္တီပါ လောင်းကွက်အရှည်ကြီးချုပ်ပြီး သူ့ခေတ်နဲ့သူ ဖက်ရှင်လုပ်တာပေါ့ အမကြီးရယ်
ကျွန်မ၏ ငြိမ်သက်နေသော အာရုံကို ပြောင်းလွှဲလိုက်၍ သူ့အား ရွှန်းရွှန်းစားစား ကြည့်လိုက်ရင်း ပြုံးရယ်လိုက်လေသည်။

ယောက္ခမများမှာ ချွေးမမင်းသမီးကလေး လက်ဆုပ်လက်ကိုင်ရှိပြီးဖြစ်၍ ဇာတ်ထောင်လိုက်ကြလေသည်။ အောင်ဝိဇ္ဇာဇာတ် ဟု အမည်တပ်ကာ နယ်လေးရပ်လှည့် က, ခိုင်းသည်။

မင်းသားကို လူပျိုလုပ်ထား၏။ မင်းသားလူပျိုဆိုမှ ပွဲကြည့်လာ အပျိုချောတို့ စွဲမက်မောမည်ဆိုကာ ယောက္ခမကြီးက ဇာတ်ထဲအတူမနေစေရ ခွဲသိပ်သည်။ ဇာတ်ထဲတွင် လင်မယားအနေမျိုး မနေထိုင်ရန် တင်းကြပ်စွာ တားမြစ်ထားလေ၏။

နိဗ္ဗာန်ရွာ၌ ဇာတ်ရုံသွင်းကနေချိန်ဝယ် မေ့မှာ ကိုယ်ဝန်လေးလရှိနေသည်။ မင်းသမီးအဒိုမှန်း လူမရိပ်မိအောင် ဘလာထမီကို ကပတ်တင်းတင်း ပတ်ကရသည်။
ကား၊ မီး၊ ကိရိယာ၊ ဇာတ်ပစ္စည်း၊ အဟောင်းအမြင်းများစုဝယ် တည်ထောင်သောဇာတ်ဖြစ်သောကြောင့် ခမ်းခမ်းနားနားမရှိ၊ ထိုအချိန်က တစ်မူးတန်းဖြစ်သည်။ တစ်ညလုံးကမှ စားရိတ်နှုတ် တစ်ဆယ် ဆယ့်နှစ်ကျပ် ကျန်သည်။
အောင်ချင်းမ ဇာတ်ထောင်စဉ်က မိုးလင်း၍ ပွဲသိမ်းလျှင် သမီးလေးအတွက် အမေကိုယ်တိုင် ပြင်ဆင်ပေးသော ကော်ဖီလင်ပန်း ရှေ့မှောက် အမြဲရောက်သည်ချည်းဖြစ်၏။ ကော်ဖီ၊ ဂိုးလင်းဘတ်၊ ထောပတ်၊ ချိစာကိတ်များဖြင့် ဖွယ်ဖွယ်ရာရာ ပြင်လာသည့်ဗန်းကို ရှေ့၌လာချကာ သမီးလေး စားပြီးမှ အိပ်၊ အားရှိအောင် ဝဝစားလိုက်စမ်း ဟု ကျွေးလေသည်။

ယောက္ခမဇာတ်၌မူ မိုးလင်းပွဲသိမ်းလျှင် မအိပ်ခင် ယောက္ခမကြီးက ထမင်းကြမ်းနှင့် ဘူးသီးကြော် ကျွေးလေ၏။ မေ့မှာ နောက်ကြောင်းကို တွေးကာ မျက်ရည်ဝဲဝဲဖြင့် ထမင်းကြမ်းကို မှိတ်မျိုပြီး အိပ်ရလေသည်။
အိပ်ရာမှနိုး၍ စားသော နံနက်ထမင်းမှာ ဟင်းမရှိ။ အဖျော်မရှိသော ငါးပိရည်ဖြင့် ဇာတ်ရုံအနီး ငွေးပင်ကြီးမှ ငွေးရွက်တွေ ခူးတို့စားရ၏။
မိခင်လက်ထဲတွင် ကိန်းကြီးခန်းကြီး လုပ်ခဲ့သော ဇာတ်မင်းသမီးလေးမှာ ယောက္ခမဇာတ်ထဲ၌ မင်းမမူဝံ့ဘဲ ကုပ်နေရ၏။ ယောက္ခမကြီးက အမြဲတမ်းဆူသည်။ လူပျိုဟန်ဆောင်နေသော လင့်မျက်နှာကလေး လှမ်းကြည့် လိုက်ရခြင်းဖြင့် ဒုက္ခဆင်းရဲအပေါင်းတို့မှာ ပြေပျောက်သွားလေသည်။

ပွဲကလျှင် ခါးပတ်ကို တင်းတင်းကြပ်ကြပ်ကြီး ပတ်ထားရသဖြင့် ရှားခဲ ရုံတွင် ကနေခိုက် ပုံလဲကျသွား၏။ ဝမ်းထဲက ကလေးမှာ ခါးပတ်ဒဏ်ဖြင့် ပျက်ကျသွားလေသည်။ ဝမ်းဆွဲတော်၍သာ အသက်ချမ်းသာခဲ့သည်။ ကလေးပျက်ပြီး ၁၄ ရက် သွေးနုနုနှင့် ဇာတ်ထွက်ကရသေးသည်။

မင်းဂရုရှာ၌ ကရမည့်ညတွင် ကိုယ်လက်ကိုယ်ခြေ မသယ်နိုင်တော့သဖြင့် ထွက်မကနိုင်၊ မင်းသမီးမထွက်၍ ရုံကို ခဲ၊ ပုလင်းနှင့် ဝိုင်းပေါက်ကြသည်။ ပွဲကြည့်ပရိသတ်ကျေနပ်အောင် မင်းသမီးလူမမာကို တွဲထုတ်ပြတော့မှ ခဲ၊ ပုလင်းများ စဲသွားလေသည်။
မိုးတွင်းဘက် ဇာတ်ဖြုတ်နားနေခိုက် ပဲခူးမှ မင်းသား၊ မင်းသမီးလာငှား၍ ယောက္ခမက ငွေလက်ခံလိုက်သည်။ ပဲခူးသို့ မင်းသား၊ မင်းသမီးနှင့်အတူ ယောက္ခမများပါ ပါလာကြသည်။

မေ့မှာ ရှပ်ဖျင်အကွက်အင်္ကျီနှင့် သရက်ထည် ထမီနွမ်းနွမ်းလေး ဝတ်လျက်လိုက်လာသည်။ လက်ပံတန်းရောက်မှ အစ်မအရေးပိုင်ကတော်က အမြင်မတော်၍ အင်္ကျီလုံချည်များ ဈေးထဲသွားဝယ်ပေးလိုက်သည်။ ပဲခူးတွင် ဇာတ်တိုက်ကြသည်။ ဇာတ်ဆရာသာ လင်မယားအဖြစ်သိလျက် လင်မယားမှန်း ဇာတ်သူဇာတ်သားများ မသိအောင် နေကြရသည်။ မေသည် ယောက္ခမကြီးနှင့် အတူအိပ် အတူစားရသည်။ မင်းသား ကိုလူပျိုမှာ သူ့အဖေနှင့်အတူအိပ်၊ အတူစားရလေသည်။
ဇာတ်ထဲ၌ မျက်ရည်နှင့်မျက်ခွက် ကြိတ်မှိတ်လျက် အောင့်နေရသည်။ ဇာတ်သမားများရှေ့၌ ယောင်ရမ်းလျက် လင်နှင့်အရောတဝင် ခေါ်ပြောလုပ်မိက ယောက္ခမ၏ ကြိတ်ဆူခြင်းကို ခံရတော့သည်။ မင်းသမီးတွေ လင်များတယ် ဆိုစကားရှိ၍ တစ်လင်တစ်မယားအဖြစ် နေမည်ဟု ဖွဲကောင်းကောင်းနှင့် ငံ့ခံနေရ လေသည်။

သမီးကိုလွမ်း၍ ပဲခူးသို့ အမေလိုက်လာသည်။ ဂလိုင်ခေါက်လျှင် ကိုယ်ချိုင့်ကလေး ကိုယ်ဆွဲကာ ထမင်းပေးမည့်နေရာသို့ တိုးဝှေ့သွားယူစားရသော အမေ့အား ဇာတ်ခုံတစ်ထောင့်မှ ကြည့်နေလျက် ရင်ထဲဆို့နေ လေ၏။

ယောက္ခမက မကြည်ဖြူ၍ ကြာကြာမနေနိုင်ဘဲ အမေပြန်သွားလေသည်။ ပဲခူး၌ ဇာတ်ကပြီး၍ လေးမျက်နှာသို့ ပြန်ကြရာ လက်ပံတန်းဘူတာတွင် ရထားဆိုက်သည်နှင့် မလိုက်တော့ဘူးဟု ဖွတ်ငြင်းကာ အမေရှိရာ ဆင်းနေရစ်ခဲ့လေသည်။ မင်းသားမှာ ဖွတ်ငြင်းကာ မိဘကြောက်ရ၍ ပါသွားလေသည်။ လက်ပံတန်းသို့ ယောက္ခမကြီးလိုက်လာကာ မင်္ဂလာဆောင်စဉ်က အိမ်ပေါင်ထားသော အကြွေးများ ပူလွန်း၍ ဇာတ်ကပေးရန် လာခေါ်သဖြင့် ရန်ကုန်သို့ လိုက်လာကြသည်။ အိမ်တော်ရာဘုရားဝင်းအတွင်း စကကြသည်။

မင်းသမီးမှာ အရှုးလုပ်ကရသည်။ ရွှေလမသာ အရှုးသီချင်းဆိုလျက် အရှုးက, ကောင်းလှ၍ ရွှေလမသာမင်းသမီးလေး ဟု တွင်ပြန်လေသည်။
ရန်ကုန်တွင် ကနေရင်း စစ်ရိပ်စစ်ငွေ့များ သန်းနေကာ မီးမှောင်ချသဖြင့် သုံးခွသို့ သွားကရသည်။ သုံးခွမြို့၌ ဇာတ်ကနေစဉ် မီးမှိတ်၊ မောင်းခတ်မှ ရန်ကုန်သို့ ပြန်လာကြသည်။

ရန်ကုန်၌ ဖုံးမချမိ ဇာတ်ဆရာခေါ်သွား၍ ဓနုဖြူသို့ လိုက်သွားကြသည်။ ဓနုဖြူမှ လေးမျက်နှာသို့ ပြန်ကြလေသည်။
(၄)

ဂျပန်ခေတ်အတွင်း ယောက္ခမနှင့် မသင့်မြတ်၍ စိတ်လက်မကြည်လင်သဖြင့် ယောက္ခမအိမ်မှ တစ်ကိုယ်တည်း ဆင်းလာခဲ့ကာ အသုတ်၊ သဇင်လှရွာ၌ သူကြီးအိမ်တွင် သွားနေသည်။

သူကြီးက သမီးအဖြစ် မွေးစားထားသည်။ သဇင်လှရွာ၌ ရွာက ထောင်ထားသော အပျော်တမ်းတီးဝိုင်း ရှိ၏။ သူကြီးမှာ ဂီတပညာကို ဝါသနာကြီးလျက် တီးဝိုင်းတွင် သမီးကိုဆိုခိုင်း၏။ အင်းဘက်မှ အင်းသူကြီးတွေ လာကြလျှင် အတီးနှင့်အဆိုနှင့် မြှိုင်မြှိုင်ကြီး ဆီးညှော့ခံသဖြင့် ဂျပန်ငွေစက္ကူပေါသော အင်းသူကြီးများက ငွေအထပ်လိုက်ကြီးပုံ၍ ဆုချသွားကြသည်။

သူကြီးသည် ဆုလာဘ်ရှင်နေသော သမီးအတွက် စိန်၊ ရွှေ ဝယ်ကာ လက်ဝတ်လက်စားများ လုပ်ဆင်ပေးထားလေ၏။

ဇာတ်မင်းသားလေးမှာ စိတ်ဆိုးဆင်းသွားသူလေး ပြန်လာနိုးနှင့် စောင့်နေရာ မလာမှပင် လေးမျက်နှာက သူကြီးအိမ်သို့ လိုက်လာလေ၏။

သူကြီးအိမ်တွင် လင်မယားနှစ်ယောက် နေကြသည်။ ဂျပန်တစ်ခေတ်လုံး ရွာနီးချောင်းစပ် လယ်ကဇင်းရိုး တစ်လျှောက် ရွာက အပျော်တမ်းဆိုင်းများနှင့်ပင် ဇာတ်လည်ကနေကြသည်။ ဂျပန်ခေတ်၌ အလုပ်မရှိလည်းမဖြစ်၍ ဖြစ်သလို ဇာတ်ထောင်ကကြရလေသည်။ ဆိုင်းသမား၊ မင်းသား၊ မင်းသမီး စုပေါင်းထောင်ကြသည်။ မင်းသမီးကြီး မစိန်နုတ်၊ ဘီတီအေ မတင်ရွှေတို့နှင့်အတူတူ ကားလေးတစ်ချပ်နှစ်ချပ် ဇာတ်မီးကောင်ပေါက်ကလေး ရှိုးပြတ်နင်း ထောင်လျက် လှည့်လည် ကနေကြရလေ၏။

လေယာဉ်ပျံလာလျှင် ကဇင်းဘေးတွင် ဝပ်နေလျက် လေယာဉ်ပျံဝေးသွားမှ ဖုတ်ခါပြီး ထကကြသည်။

ဂျပန်ခေတ်အတွင်း သမီးလေး လှလှဝင်းကို မွေးဖွားသည်။ မြန်အောင်မြို့မှ ဇာတ်ဆရာလာခေါ်၍ မြန်အောင်တွင် သွားကနေကြသည်။ မြန်အောင်မှ ပေါင်းတည်သို့ ရောက်လာပြီး ကကြစဉ် ဂျပန်အပြေး အင်္ဂလိပ်အဝင် ဇာတ်ပျက်သွားလေတော့သည်။

ပေါင်းတည်မှာ ဇာတ်ပျက်တော့ ဆရာဝန်လင်မယားက ကျွန်မတို့ကို ကျွေးထားတယ်၊ ဒေါ်ခင်ချစ်ကို မာမီ လို့ သူများခေါ်သံကြားတော့လေ ကျွန်မလည်း မာမီလို့ လိုက်သာခေါ်ရတယ်၊ မာမီဆို ဘာမှန်းကို မသိပါဘူး အစ်မကြီးရယ် ခေါ်လို့ကောင်းကောင်းနဲ့ မာမီ မာမီလို့ပဲ ခေါ်တာပဲ

ကျွန်မမှာ ပြုံးလျက် ရိုးသားစွာ ပြောနေသော ပွင့်ပွင့်လင်းလင်း အမူအရာကလေးကို သဘောကျ ကြည့်နေမိသည်။ ဦးအောင်သိန်းသည် ပါးစပ်မှ ဆေးပြင်းလိပ်ကို ချွတ်လျက် ပြုံးနေလေ၏။ ပုတီးစိပ်နေသော အမေအိုသည် ရထားပြင်ဘက်သို့ ငေးမျှော်လျက် သမီး မွေးတာ ဟောဟိုကရွာ အင်းရွာဆိုတာပေါ့ ဟု လက်ညိုးထိုးပြလေသည်။

အားလုံးမျှော်ကြည့်လိုက်ကြသည်။ ရထားလမ်းတစ်ဖက် လယ်ကွက်များအဆုံးတွင် ကွမ်းသီးပင်များ အုပ်ဝေနေသော ရွာအုပ်စုကလေးကို ခပ်ရေးရေးမြင်လိုက်ရသည်။
ကျွန်မ ကောက်စိုက်တတ်ပါတယ် အစ်မကြီးရဲ့၊ လယ်ကွက်တွေ စိမ်းစိမ်းစိုစိုမြင်ရတာ သိပ်ပျော်တာပဲ၊ မိုးစပ်စပ်မှာ ကောက်စိုက်သမတွေနဲ့ ကောက်စိုက်ပြီး ကောက်လှိုင်းတွေထမ်းရတာ သိပ်ပျော်စရာ ကောင်းတာပေါ့ အစ်မကြီးရာ

သူသည် လယ်ကွက်များကိုမျှော်ကြည့်လျက် စိတ်ပါလက်ပါ မြူးထူးပြောပြနေလေ၏။ ကျွန်မမှာ ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေး ကောက်စိုက်နေပုံသဏ္ဍာန်ကို စိတ်ကူးမှန်ကွက်ထဲ၌ ဓာတ်ပုံတဖျတ်ဖျတ် ရိုက်ကြည့်နေမိလေသည်။

ပေါင်းတည် ဆရာဝန်အိမ်က လက်ပံတန်းကို ပြန်ခဲ့တာပဲ၊ အမေတို့ဆီရောက်တော့ အိမ်မီးလောင်ပြီး တဲကလေးနဲ့ ဆင်းဆင်းရဲရဲနေကြတာ သွားတွေ့တော့ စိတ်မချမ်းသာလိုက်တာ အစ်မကြီးရယ်၊ အမေနဲ့ပဲ နေတော့တယ်၊ မင်းသားကတော့ သူ့အရပ်သူ ပြန်သွားတယ်

ဆရာဝန်ကတော် ဒေါ်ခင်ချစ်ထံမှ စာရောက်လာသည်။ ပေါင်းတည်ရုံတွင် ကနေသော မင်းသား ကျော်အုန်းလှိုင်၏ ခေတ်သစ်ရာဇဝင်ပြဇာတ်တွင် မင်းသမီးလုပ်ရန် အမြန်လာခဲ့ဟု ရေးလိုက်လေ၏။

ဂျပန်ခေတ်တွင် ဇာတ်ဆရာ အဆိုတော် မကြည်အောင် တည်ထောင်ကပြသော ခေတ်သစ်ပြဇာတ် ဖြစ်လေသည်။ ကျော်အုန်းလှိုင် မင်းသားမှာ ပြဇာတ်အဖွဲ့၏ ဦးစီးဒါရိုက်တာဖြစ်သည်။ စာရရခြင်း ပေါင်းတည်သို့လိုက်ခဲ့သည်။ ကျော်အုန်းလှိုင်ဇာတ်တွင် မင်းသမီးမရှိ၊ ခုနှစ်ထွေ ထွန်းရီ၏ဇနီး မင်းသမီးမှာ ကွယ်လွန်သွားလေသည်။

သူသည် ပေါင်းတည်ရောက်သည့်နေ့ညှ၌ ပြဇာတ်ထဲ ဝင်ကရ၏။ မှန်နန်းရွှေဂူ ဇာတ်ခင်းပြရာ ကြာဖူးထဲက သန္ဓေသူကလေး လုပ်ထွက်ရလေ၏။ ဇာတ်တိုက်ချိန်လည်း မရှိ၊ သီချင်းမရသဖြင့် ဆိုမည့်သီချင်းကို ကြာဖူးထဲ၌ သီချင်းစာ ကပ်ပေးထားရလေသည်။ သီချင်းစာရွက်ကို မယောင်မလည် ကြည့်ဆိုကသွားရလေသည်။

သူသည် ပြဇာတ်အရသာကို တွေ့သွားလေသည်။ ည ရနာရီပွဲထွက်လျက် ၁၂ နာရီသိမ်းခြင်းကို သက်သာလိုက်လေခြင်းဟု အောက်မေ့မိ၏။

တစ်သက်လုံး ဇာတ်ကလာခဲ့ရာ ကွင်းပြင်ဖြစ်စေ၊ ရုံဖြစ်စေ၊ ပရိသတ်ပေါက်အောင် သံကုန်ဟစ်၍ တစ်ညလုံး အော်ငိုလွမ်းလာခဲ့ရသမျှ ဇာတ်ခုံပေါ်၌ ဓာတ်ခွက်(မက်) ကလေးဆွဲထား၍ အာခြောက်အောင် အော်စရာမလို၊ သက်သက်သာသာကလေး ဆိုရ၍ တိုးတက်လာသော သဘင်ပညာအဆင့်အတန်းကို ကျေနပ် အားရမိလေသည်။

ကျော်အုန်းလှိုင် ခေတ်သစ်ပြဇာတ်ထဲ၌ မာလာရီ ဟူသောအမည်ဖြင့် တမဟုတ်ခြင်း နာမည်ကြီး လာလေ၏။

ကျားသစ်ရေကလေးကို မလုံတလုံဝတ်ထားကာ တောတွင်းသူလူရိုင်းမလေး မာလာရီအဖြစ် မင်းသားကို အိုက်တင်နှင့် ကြိုက်ပြသော အခန်းကား ပရိသတ်အစွဲဆုံးဖြစ်လေ၏။

စကားမပြောတတ်သော လူရိုင်းမလေး၏ လက်ဟန်ခြေဟန် မူရာဟန်ပန်များမှာ သူ့စိတ်ကူးနှင့် သူ့အမူ အရာအမျိုးမျိုးထွင်လျက် သရုပ်ပါအောင် ကြိုးစားကပြလေ၏။

ကျော်အုန်းလှိုင်ပြဇာတ်ကား မာလာရီ နှင့် ဝင်ငွေဖြောင့်နေလေသည်။

မာလာရီသည် သူချစ်လင်မင်းသားကို မှာလိုက်ကာ ပြဇာတ်ထဲကိုသွင်းပေးသည်။ ပြဇာတ်ထဲ၌ မင်းသားတွေများသော်လည်း မာလာရီမှ မင်းသားပါမှ ကနိုင်မည့် အခြေအနေကြောင့် မင်းသားကိုပါငှားရတော့သည်။
မာလာရီသည် အစ်မမခင်ညိုကို ပြဇာတ်ထဲဝင်ကရန် အတင်းနားချလေသည်။ မခင်ညိုမှာ ဇာတ်သဘင်အလုပ် မလုပ်ချင်ဘဲ ဝမ်းရေးအတွက်ကြောင့် ညီမနှင့်အတူ ပြဇာတ်ထဲဝင်ကရသည်။

အစ်မကြီး မသိန်းတင်ကိုလည်း ပြဇာတ်ထဲပါအောင် ဆွဲသွင်းလိုက်သည်။ ပြဇာတ်ထဲ၌ မိသားစုတစ်အုပ်တစ်စုတစ်ဝေးတည်း ရောက်နေကြသည်။ အမေအိုမှာ သမီးများကလေးရာနောက်သို့ အမြဲလိုက်ပါနေရ၏။

ပြဇာတ်ထဲ၌ လင်မယားနှစ်ယောက် လခကောင်းကောင်းရကြသဖြင့် မာလာရီသည် သူမင်းသားကို သ, ထားလေသည်။
ဇာတ်ထဲ၌ မင်းသားပေါ်၍ မင်းသားမှာ ညတိုင်းမကရဘဲ အလှည့်နှင့်မှ ကရသည်။ မင်းသားသည် ရောင်တစောင်းထုံးလျက် တိုက်ချောရှပ်စင်းအင်္ကျီနှင့် အရောင်ဆင်တူသော ဘန်ကောက်လုံချည် အသစ်ချပ်ချွတ် ထည်လဲဝတ်ကာ စီးကရက်သံဘူးကို ခါးနောက်တွင်ထိုး၍ ငွေစဖောဖောဖြင့် ဖဲဝိုင်းထိုင် ဖဲချနေ၏။

ပြဇာတ်ကနေမှ တစ်ဦးနှင့်တစ်ဦး စိတ်ချင်းကွဲကြကာ တစ်ရုံရောက် တစ်ခါစကားများနေလျက် မသင့်မတင့် ဖြစ်လာကြသည်။

ငယ်လင်ငယ်မယားဖြစ်၍ သည်းခံကာ ပေါင်းနေလျက် မင်းသားက သူ့အပေါ်တွင်ဆိုးလာ၍ ပုဂံမြို့၌ ပြဇာတ်ကနေကြစဉ် လူကြီးစုံရာရှေ့၌ ကွာရှင်းလိုက်ကြသည်။

မာလာရီမှာ ၁၅နှစ် အရွယ်က သူကလိုက်ယူရသော လင်ဖြစ်ခဲ့၍ အချစ်ကြီးခဲ့သလောက် နာတော့လည်း မျက်နှာမကြည့်နိုင်အောင် ဖြစ်နေလေသည်။

ပြဇာတ်ထဲ၌ ရသည့်လခကို တစ်ဝက်စီခွဲယူလျက် တခြားစီခွဲနေကာ တစ်ဇာတ်တည်း အတူတူကနေရင်းပင် လင်မယားကွဲနေကြလေ၏။
သုံးနှစ်လုံးလုံး ပြဇာတ်နှင့် တစ်ပြည်လုံးလည် က, နေသည်။ ပြဇာတ်အဖွဲ့ကြီးမှာ လူရှစ်ဆယ်ခန့် ရှိလေသည်။ မာလာရီမှာ လင်နှင့်ကွဲမှ လွတ်လပ်ပျော်ရွှင်စွာ ကဆိုနေလေသည်။
ခင်ဗျား မယားက ခင်ဗျားနဲ့ကွဲမှ ဝပြီးလှတောင်လာတယ်၊ တစ်ဇာတ်တည်းအတူကနေကြပြီး ဘာဖြစ်လို့ ကွဲနေကြရတာလဲ၊ ပြန်ပေါင်းပေါ့

ဇာတ်အဖွဲ့ထဲမှ လူတစ်စုက မြှောက်ပေး၍ မင်းသားမှာ မင်းသမီးကို ပြန်ပေါင်းချင်လာသည်။ မာလာရီ၏မောင်နေသော လက်ပံတန်းသို့ ပြဇာတ်အဖွဲ့ထဲမှ ခွင့်ရက်ယူလိုက်သွားကာ မောင်လုပ်သူက အစ်မနှင့်ပြန်ပေါင်းအောင် လုပ်ပေးရန် သွားပြောလေသည်။ မောင်က ယောက်ဖနှင့် လိုက်လာကာ အတင်းပြန် ပေးစား၏။ ပြဇာတ်ထဲလိုက်လာကာ ဓားကြိမ်းကြိမ်းနေသော မောင်ကို ရှက်ရှက်ဖြင့် ရွှေဘိုဇာတ်ရုံထဲ၌ ပြန်ပေါင်းရ လေသည်။
ရွှေဘိုဘက်တွင် တစ်လကပပြီးနောက် မုံရွာသို့ ရောက်ကြသည်။
ပြဇာတ်နားသည့် လပြည့်နေ့တစ်နေ့ မိခင်နှင့် မုံရွာဘုရားတန်ဆောင်းထဲတွင် ဥပုသ်စောင့်နေကြခိုက် ပြဇာတ်အဖွဲ့ထဲမှ ကားလိပ်ဆွဲသူ သူငယ်ကလေးသည် တန်ဆောင်းထဲသို့ လိုက်လာကာ ရန်ကုန်ပြန်တော့မည်ဟု လာနှုတ်ဆက်လေသည်။

မာလာရီသည် ကားလိပ်ဆွဲသူနှင့် စကားကောင်းနေစဉ် မင်းသားပေါက်လာလေသည်။ ကားလိပ်ဆွဲသူ ထွက်သွားသွားခြင်း ကားဆွဲနှင့် စကားပြောရမလားဟု တန်ဆောင်းထဲ၌ လိုမ့်ချလေသည်။
အနီးအနားရှိ ကျောင်းသင်ခန်းများမှ ဘုန်းကြီးများ ပြေးဆင်းလာကာဖျင်မှ မင်းသားလက်က လွတ်တော့သည်။
မုံရွာအမျိုးသမီး ကယ်ဆယ်ရေးအဖွဲ့ ဥက္ကဌထံသို့ ဘုန်းကြီးများက လိုက်ပို့ပေးလေသည်။
ရိုက်နှက်ထားသည့် ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် အမျိုးသမီးဥက္ကဌက မခံရပ်နိုင်၍ အဖမ်းခံမလား၊ ကွာမလားဟု မင်းသားကို မေးခိုင်းလိုက်သည်။
နောက်ဆုံး မင်းသားမှာ ဂတ်မရောက်ချင်၍ ကွာပေးပါမည်ဟု အလျှော့ပေးရလေသည်။

ဒဏ်ရာများ ကုသပျောက်ကင်းလျှင် ဇာတ်ရုံထဲ၌ လူကြီးများဖိတ်ခေါ်ကာ စာချုပ်ခေါင်းကပ်လျက် လက်မှတ်ထိုးကွာလိုက်ကြလေ၏။
ပြဇာတ်အဖွဲ့သည် မုံရွာမှ ဆင်းလာပြန်ရာ မန္တလေးသို့ ရောက်ကြသည်။ မန္တလေး ကြယ်တာရာရုံထဲတွင် ကနေကြစဉ် မင်းသားမှာ ရုံဘေးတွင်ရှိသော စက်ချုပ်အိမ်မှ စက်ချုပ်သူကလေးနှင့် အကြောင်းပါသွားလေ၏။
မာလာရီသည် အိမ်ထောင်ကျသွားသော မင်းသားနှင့်ပင် မန္တလေးမှ စစ်ကိုင်းဘက်သို့ ကူးကရလေသည်။
စစ်ကိုင်းတွင် ပြဇာတ်အဖွဲ့ကနေစဉ် အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်တို့ စက်သေနတ် အပစ်ခံရလေ၏။
တိုင်းရေးပြည်ရေး မသာယာ၍ စစ်ကိုင်းမှ ဆင်းခဲ့ကာ ရထားလမ်းတစ်လျှောက် ဝင်ကခဲ့ကြပြီးနောက် ရန်ကုန်သို့ ရောက်လာကြသည်။
ရန်ကုန်တွင် မြင်းပြိုင်ကွင်း၊ တာမွေ၊ ဇော်ရုံတို့၌ လှည့်ကနေကြပြီး ကြည့်မြင်တိုင်စလင်းကွင်းရုံထဲ၌ ကနေစဉ် အင်းစိန်ဘက်တွင် မြို့ပျက်လေ၏။

ရေလမ်း ကုန်းလမ်း ပိတ်ဆို့ကုန်၍ ပြဇာတ်အဖွဲ့မှာ ဇာတ်ခေါင်းကွဲကုန်သည်။ ကိုယ့်ရပ်ရွာသို့ ရောက်သည့်နည်းဖြင့် အလျှိုလျှိုပြန်ကုန်ကြလေသည်။
မာလာရီတို့ သားအမိတစ်အုပ်မှာ ရထားလမ်းပိတ်သွား၍ မပြန်နိုင်တော့ဘဲ စလင်းကွင်းရုံထဲတွင် သောင်တင်နေကြ၏။
ရန်ကုန်မြို့၌ အသိအကျွမ်း မိတ်ဆွေလည်းမရှိ၊ မသွားတတ် မလာတတ်ဖြင့် ရုံထဲတွင်သာ စုအောင်း နေကြရသည်။ လက်ထဲရှိသမျှ ငွေစလေးကုန်ကြ၍ လက်ဝတ်လက်စား ထုခွဲရောင်းစားပြီး နေရသည်။

အင်းစိန်တိုက်ပွဲမှာ အမြောက်သံတထိန်းထိန်းဖြစ်နေ၍ ထိတ်လန့်တကြားနှင့် နေစရာမရှိအောင် အားငယ် ကြောက်လန့်နေကြလေသည်။
စလင်းကွင်းရုံပိုင်ရှင် ရဲဘော်ဦးအောင်သိန်းသည် ရုံထဲ၌ ပြတ်လတ်ဒုက္ခရောက်ကာ မျက်စေ့သူငယ် ဖြစ်နေသော မိသားတစ်အုပ်ကို တတ်အားသရွေ့ ထောက်ပံ့ကူညီစောင့်ရှောက်ထားလေသည်။
ညဘက်တွင် ဓါတ်မီးတစ်လုံးထွန်း၍ ရဲဘော်များကို ပို့ခိုင်းလိုက်သည်။ စားစရာမရှိတော့မှန်းသိလျှင် ရဲဘော်များအလှူခံရသော ဆန်အိတ်ကို ခွဲဝေပို့ပေးကာ ဟင်းချက်စရာပါ ရှာပို့ပေးလေ၏။

ကာလပျက်ချိန် အားကိုးရာမဲ့လျက် ဒုက္ခကြီး ရောက်နေကြခိုက် ကူညီစောင့်ရှောက်သောသူကို ကျေးဇူးရှင်အဖြစ် သဘောပိုက်ကာ ရဲဘော်အောင်သိန်းနှင့် ရေစက်ဆုံတော့သည်။

တိုင်းပြည် ငြိမ်သက်လာလျှင် ဇာတ်ကလိုသည်ကို ရဲဘော်ကမကြိုက်။ ခွင့်မပေး၍ ချော့မော့ခွင့်တောင်းကာ ဦးအောင်ငြိမ်း ဇာတ်ထဲလိုက်ကလေသည်။

စာရေးဆရာ ပြည်သန်းနွယ်နှင့် တွေ့ကြ၏။ ပြည်သန်းနွယ်က ပြဇာတ်ထဲကရန်ပြောသည်။

ခေတ်ပေါ်ပြဇာတ်များတွင် မကဖူး၍ တွေနေလေသည်။ အောင်သပြေ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးကျော်မြင့်ကလည်း ပြဇာတ်ထဲဝင်ကရန် တိုက်တွန်းနေ၏။ ပြဇာတ်မင်းသမီး မေချစ်၊ တင်တင်မူတို့
နာမည်ကြီးနေစဉ် သူသည် ငန်းတော်ရှင်မ ဌ တစ်ညဆယ့်ငါးကျပ်ဖြင့် အရံဆိုက်ပပ်မင်းသမီးလေးအဖြစ်ဝင်ကရလေသည်။
ကာငွေးရုံသို့ ဇာတ်တိုက်သွားရသည်။ ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများ တစ်ခေါက်မှမရောက်ဖူး၍ အိမ်သာဘယ်ဆီရှိမှန်းမသိ၊ ပြဇာတ်မင်းသမီးများ၏ မျက်နှာကို ရဲရဲပင်မကြည့်ရဲ၊ ယိမ်းသမလေးများနှင့် အပေါင်းအသင်း လုပ်ရလေသည်။
သူ့အား မည်သူကမျှ ဆေးဖော်ကြောဘက်မလုပ်။ နယ်လေးရပ်လှည့်လျက် ဇာတ်ကခဲ့စဉ်က ဇာတ်ထဲတွင်ဆုံဆည်းခဲ့သော ကိုကြယ်နီကြီးသွားတွေ့၍ ဝမ်းသာအားရဖြစ်မိသည်။
ကိုကြယ်နီသည် မျက်နှာသေသေဖြင့် ဇာတ်ပွဲတွေ ခေတ်မှိန်သွားတော့ ဒီထဲရောက်လာရတာပဲ၊ ပြဇာတ်က ပညာမဟုတ်ပါဘူးဟာ၊ ကြည့်စခန်းသွားရတာပါ၊ ကြည့်သာစခန်းသွားပေတော့ ဟု တိုးတိုးကပ်ပြော၏။
ပြဇာတ်၌ အရံမင်းသမီးဝင်သည့်ညဌ သူမှာရင်ခုန်နေလေသည်။ ထိန်လင်းသော မီးချောင်းများအောက်ဝယ် လူတွေကို တိုးဝှေ့လျက် ကာငွေးရုံနောက်ဘက်အပေါက်သို့ ဝင်သွားလေသည်။

ဇာတ်ခုံနောက်ခန်းကလေးထဲ၌ ကိုယ်လုံးပေါ်မှန်များရှေ့ဝယ် ပြဇာတ်မင်းသား၊ မင်းသမီးများတို့ ဖီးလိမ်းနေကြလေ၏။
သူသည် ထိုင်စရာမရှိ၍ ကြမ်းပေါ်တွင် ကြုံ့ကြုံ့ကလေးထိုင်လိုက်ရာ စိန်ဂွန်းထွန်းရွှေသည် သူထိုင်နေသော ခွေးခြေကလေးယူလာလျက် ရော့ ရော့. . ဒီမှာထိုင် ဟု နေရာပေးလေသည်။

ခွေးခြေကလေးပေါ်၌ထိုင်ကာ ပြဇာတ်မင်းသမီးများ အလှပြင်နေသည်ကို ငေးကြည့်နေလေသည်။ နိုင်လွန်အင်္ကျီဝတ်လျက် ရွှေရောင်ငွေရောင်များ ဖိတ်လက်နေသည့် ဘရိုကိတ်ထမီများကို မမြင်ဘူး၍ ငေးစိုက်လျက် လှလိုက်တာ၊ အဖိုးတန်မှာပဲဟု တွေးနေလေသည်။

သူသည် မျက်နှာချေကို ဖျော်လူးလေသည်။
မျက်နှာချေ မလူးရဘူး၊ မိတ်ကပ်လူးရတယ်
ယိမ်းသမလေးတွေက မိတ်ကပ်လူးရန် ပြောသည်။ မိတ်ကပ်ဆိုတာ ဘာများပါလိမ့်ဟု တွေးရင်း လိမ်းနေလေ၏။ မျက်နှာချေလူးပြီး၍ မင်တောင့်နှင့် မျက်ခုံးမွေးဆွဲမည်လုပ်စဉ် စိန်ဂွန်းထွန်းရွှေမှာ သူနှင့်တွဲကရမည့် မင်းသမီးဖြစ်၍ အမြင်မတော်သည်နှင့် မျက်ခုံးမွေးဆွဲရန် ခဲတံကိုလာပေးသည်။
မျက်ခုံးကို ဒါနဲ့ဆွဲ၊ မင်တောင့်က မကောင်းဘူး
သူသည် ခဲတံကိုယူလိုက်ကာ စမ်းဆွဲကြည့်လိုက်သည်။ မျက်ခုံးမွေးဆွဲခဲတံကလည်း တစ်မျိုးပါလားဟု အဆန်းဖြစ်နေ၏။
ငန်းတော်ရှင်မ၊ ချစ်ပန်းသဇင် ဇာတ်ထုပ်နှစ်ထုပ်တွင် ဆိုက်ပပ်မင်းသမီးအဖြစ် ဝင်ကခဲ့သည်။ သူ့နာမည် ဘယ်သူမှန်း မသိကြ၊ မထင်မရှားဖြင့် ဇာတ်ထုပ်နှစ်ထုပ်ကပြီးနောက် သူ့ကို မည်သူမှ လာမခေါ်ကြတော့ချေ။

ထိုအတွင်း ဉာဏ်သောင်နှင့် သွားတွေ့ပြန်လေသည်။

ဖလင်ရိုက်မလား ဟု သူ့ကိုမေးသည်။
ဖလင်ဆိုတာ ဘာလဲရှင့်
ဘိုင်စကုတ်ပေါ့ဟ
သူသည် ဘိုင်စကုတ်ထဲပါချင်သည်။ ငယ်ငယ်ကပင် ဘိုင်စကုတ်ကို အသေအလဲကြိုက်၏။ ဘိုင်စကုတ်ကြည့်ပြီး မုန့်တစ်ချပ်ကို ရှေ့၌ထောင်ကာ အလွမ်းမင်းသမီး ခင်ခင်ဥ၏ မျက်ရည်ပေါက်ဥကြီးမျိုးကို

လိမ့်ဆင်းကျ ကြည့်ခဲ့သည်။ ခင်မြရင်၏ မျက်ရည်ဝဲပုံကလေးလည်း တူအောင်လုပ်ကြည့်သည်။ ခင်စမ်း၏ အကြမ်းခန်းလည်း နှစ်သက်သည်။

ဇာတ်မင်းသမီးလေးဘဝ၌ ဘိုင်စကုတ်ရူး ဖြစ်ခဲ့သည်။ ပြည်မြို့တွင် ခင်ခင်ရီတို့ ကြွ ဌာရုံဇာတ်ကား လာရိုက်သည့်အခါ ဇာတ်ရုံထဲမှ ဘူတာရုံသို့ပြေးသွားကာ ခင်ခင်ရီကို သွားငေးကြည့်လေသည်။ ၁၄ နှစ်၊ ၁၅ နှစ် အရွယ်၌ ဘိုင်စကုတ်မင်းသားများကို တိတ်တိတ်ပုန်းကြိုက်ချစ်နေမိ၏။ မင်းသား ကျော်အေးကို စွဲနေလေသည်။ မင်းသား ကျော်အေးနှင့် ချစ်ရွှေမှာ သူရင်ထဲ ကျိတ်စွဲခဲ့သော သူ၏ သူမသိ ငါစွဲ ချစ်သူများ ဆိုရပေမည်။

ဥသြဘသောင်သည် သူကို ဗြိတိသျှဘားမားကုမ္ပဏီသို့ ခေါ်သွားလေသည်။
ဗြိတိသျှဘားမား သူဌေးဦးညွန့်၏သား ဒါရိုက်တာ ဦးချန်ထွန်းနှင့် တွေ့ကြသည်။
ဦးချန်ထွန်းသည် ခေါင်းကို ရမ်းခါလျက်
ဇာတ်မင်းသမီးလုပ်ဖူးတယ်ဆိုရင် ဇာတ်ဟန်ပါနေမှာပေါ့ ဟု စိတ်ပျက်စွာ ပြောလိုက်သည်။
သူသည် ဝမ်းနည်းသွားလေသည်။ ရှက်လည်းရှက်။ ဇာတ်သဘင်ပညာကို သည်လောက် အထင်သေးရ သလားဟု စိတ်ထဲ မျက်သွားသည်။

နောက်နေ့လာခဲ့ ဟု ဦးချန်ထွန်းက မှာလိုက်ရာ မသွားတော့ပေ။

ရဲဘော် ဦးအောင်သိန်းနှင့် ခင်မင်သော မင်းသား ကိုအေးကြူသည် သူကို အေးဝမ်းခြံသို့ ခေါ်သွားပြန် လေသည်။
ဒါရိုက်တာ ဦးတင်မောင်သည် သူကိုကြည့်လျက် ပိန်တယ် ဟု ပယ်ချလိုက်သည်။ နောက်လိုရင် ခေါ်သုံးမယ် ဟု ဆိုလိုက်၏။
ရုပ်ရှင်ကုမ္ပဏီများက ပယ်ချသော်လည်း စိတ်အားမလျှော့၊ တစ်နေ့နေ့ ရုပ်ရှင်ထဲ သူရောက်ရမည်ဟု ဖွဲကြီးကြီးထားလိုက်သည်။

မွန်ကျော်မြင့်ဇာတ်ထဲ၌ မင်းသမီးလုပ်ရန် တစ်ည ၁ဝိနှင့် လာငှားလေသည်။
အလုပ်ရှာခိုက် အလုပ်ရ၍ ဝမ်းသာသွားလေသည်။ တစ်ည ၁ဝိမှာ နည်းလွန်း၍ ပိုပေးရန် မွန်ကျော်မြင့်အား တောင်းပန်ရသည်။
၁ဝိ တော့ နည်းလွန်းပါတယ်၊ တစ်ည ၁၅ိ ပေးပါ
မင်းသား မွန်ကျော်မြင့်မှာ ၁၅ိ မပေးနိုင်သဖြင့် ခေါင်းခါနေလေသည်။
တစ်ည ၁၅ိ မှ မပေးဘူးဆိုရင် ကျွန်မ ဘယ့်နှယ်လုပ်ရမလဲ၊ ငါးကျပ်ထဲ ပိုပေးရမှာပါ၊ ငါးကျပ်တော့ ပိုပေးပါရှင်
သူသည် မင်းသားအား ဆယ့်ငါးကျပ်ပေးရန် ထပ်တောင်းပန်လေသည်။ မင်းသားမှာ ခေါင်းခါမြဲခါနေ၍ စိတ်ပျက်ပျက်ဖြင့် ၁ဝိ နှင့် မလိုက်ဟု သူက ပြန်ခေါင်းခါလိုက်ရလေ၏။

(၅)

သတင်းစာထဲတွင် ကာဋ္ဌေးမှ မင်းသမီးအသစ်များ အလိုရှိကြောင်း ကြော်ငြာသွားတွေ့လေသည်။
မင်းသမီးဖြစ်ရမည့် အချက်အလက်များကို ထည့်ကြော်ငြာထားလေသည်။
ဖြစ်ပါ့ဘူး ကိုမြဟန်ရယ်၊ ကျွန်မကို သူတို့ကသိမှာပါ၊ ဇာတ်မင်းသမီးပါတဲ့အခန်းမှာ ကျွန်မသွားကဖူးတော့ မှတ်မိနေကြမှာပေါ့၊ ဇာတ်မင်းသမီး မလိုချင်ဘူးလို့ ပြောဖူးတယ်၊ ကျွန်မ လျှောက်လို့ဘယ်ရမလဲ
ကိုမြဟန်သည် ဝမ်းနည်းစွာဖြင့် ငေးလျက်တွေဝေစဉ်းစားနေလေ၏။

ကျွန်တော် အကြံတစ်ခုရတယ်၊ သည်လိုလုပ်ဗျာ၊ ခင်ဗျား ဆံပင်ကို သွားဖြတ်ပြီး ကောက်ပလိုက်၊ အင်္ကျီလက်တိုနဲ့ ခေတ်ဆန်ဆန် ဓာတ်ပုံရိုက်ပြီး လျှောက်လိုက်ဗျာ၊ လျှောက်လွှာနဲ့ ဓာတ်ပုံ ကျွန်တော် သွားတင်ပေးမယ်
ကိုမြဟန်က ဆံပင်ဖြတ်ပြီးကောက်ရန် မှာလိုက်သည်။ သူသည် ပေါင်လည်လောက်ရောက်နေသော ဆံပင်များကို ဖြတ်ပစ်ရန် နှမြောနေ၏။
မှန်ရှေ့တွင် ဆံပင်ဖြန့်လျက် ဖြတ်ရန်စိတ်ကူးလိုက်တိုင်း မျက်ရည်များ ဝဲလာလေသည်။ အမေအိုကြီးကလည်း ရှိသည်။ မသေခင် တတ်သည့်ပညာဖြင့် လုပ်ကျွေးချင်သည်။ ခေတ်အလိုက် ဆံပင်ဖြတ်၍မှ မကောက်လျှင် ပြဇာတ်နယ်ပယ်ထဲတွင် ဝင်တိုးနိုင်ဖို့ ခဲယဉ်းကြောင်း တစ်ဘက်ကလည်း တွေးမိ၏။
ဆံပင်ဖြတ်ပြီးမှ အရွေးမခံရလျှင် အတွန့်အကောက်တွေပဲ အဖတ်တင်နေမှာလည်း စိုးသေး၏။ တစ်နေ့လုံး ဆံပင်ကိုသာ စမ်းနေမိသည်။ စိတ်မှာ ချီတုံ ချတုံဖြင့် မဝေခွဲနိုင်အောင် ရှိနေသည်။ သူသည် စိတ်ကို ဒုံးဒုံးချလိုက်ကာ ဆံပင်ကောက်ဆိုင်သို့ စုံစမ်းရှာဖွေသွားလေသည်။ ရွှေတာရေးဆိုင် အပေါ်ထပ် စတားဆံပင်ကောက်ဆိုင်သို့ ရောက်သွားလေသည်။

ရင်ထဲတွင် ခုန်နေလျက် ကုလားထိုင်ပေါ်တက်ထိုင်လိုက်သည်။ သူသည် မှန်ကို မကြည့်ဝံ့ပေ။ တိကနဲ ညှပ်ချလိုက်သော ကပ်ကြေးသံမှာ အသည်းထဲသို့ စူးဝင်သွားလေ၏။
တစ်နာရီအတွင်း သူ့ရုပ်ကို မှန်ထဲ၌ တစ်ဖုံပြောင်း မြင်ရလေသည်။ တွန့်လိမ်ကွေးကောက်နေသော ဆံတိုလေးမှာ ပခုံးပေါ်၌ ဝဲလိပ်ကျနေလေသည်။ ခေါင်းထက်၌ အုံကြွလျက် လိပ်ကောက်လှိုင်းထနေသော အမောက်ကြီးကိုကြည့်ကာ သက်ပြင်းချလိုက်လေသည်။

ခေတ်ဆန်ဆန်ချုပ်လာသော နိုင်လွန်အင်္ကျီလက်ပြတ်ကို စွပ်လဲလျက် ဓာတ်ပုံဆိုင်သို့ ပြေးလေသည်။ လန်ဒန်အတ်ဓာတ်ပုံဆိုင်၌ ဓာတ်ပုံရိုက်ကာ ကိုမြဟန်အား ဓာတ်ပုံပေးလိုက်လေ၏။
ကာဌေးရုံတွင် လျှောက်လွှာတင်ပြီးစ ဆံပင်များ ဖြတ်ထားကာ ကောက်လိပ်တွန့်ထားစဉ် ရွှေတိဂုံဘုရား ခြေရင်းတွင် ကနေသော စိန်အောင်မင်းဇာတ်မှ မင်းသမီးလို၍ လာငှားလေသည်။
မာလာရီမှာ ငြင်းရခက်နေ၏။ ကာဌေးရုံက သိသွားမှာလည်းစိုးရ၏။ မလိုက်ရအောင်ပြောမှပဲဟု အကြံရကာ တစ်ညကရန် လေးဆယ်တောင်းလိုက်သည်။
ထိုအချိန်၌ အတော်ဆုံး ဇာတ်မင်းသမီးမှ အများဆုံး တစ်ညနှစ်ဆယ်လောက်သာ ပေးရလေ့ရှိရာ စိန်အောင်မင်းဇာတ်ထဲတွင် လိုက်သော လူပြက်ပဋိက္ခရားက ဘာမင်းသမီးမို့ လေးဆယ်ပေးမှာလဲ ဟု စိတ်ဆိုးသွားသည်။

စိန်အောင်မင်းမှာ မင်းသမီး အရေးတကြီးလိုနေ၍ တောင်းသည့်အတိုင်း လေးဆယ်ပေးခေါ်လေရာ မငြင်းသာဘဲ လိုက်သွားရသည်။ ကာဌေးရုံသိမှာစိုးစိုးဖြင့် တိတ်တိတ်ပုန်း ခိုးကရလေ၏။

ငမိုးရိပ်ဇာတ်ခင်းကြသည်။ ငမိုးရိပ်ဇာတ်၌ မင်းသားသေပြီး မင်းသမီးမယ်ဘွင့်သည် ညဉ့်သုံးနာရီလောက် တွင်လွမ်းပြီး သေရမည်ဖြစ်၏။ မင်းသမီးအသေနှင့်ပွဲပြီး မိုးလင်းအချိန်ကိုက် က,ကြလေသည်။

နာရီအကြည့်များကာ မင်းသားမှာ စောစောသေလျက် မင်းသမီးမှာ ညဉ့်နှစ်ချက်တွင် သေရမည့်အခန်း ရောက်နေ၏။ မိုးလင်းရန် အချိန်သုံးနာရီခန့် လိုသေး၏။

မယ်ဘွင့်သည် အချိန်များနေမှန်းသိသိခြင်း ဇာတ်ခုံပေါ်၌ ခေါင်းနဘန်းကြီးကာ ချွေးပြန်လာလေသည်။ စိန်အောင်မင်းမှာ ငမိုးရိပ်သေပြီး၍ သူ့အခန်းပြီးပြီဟု စိတ်ချလက်ချ အိပ်လေသည်။

သုံးနာရီလုံးလုံး မိုးလင်းအောင် လွမ်းနေရမှာလည်း ဇာတ်အိုင်နေတော့မည်။ ညနှစ်ချက်ထိုးတွင် မင်းသမီးသေပြီး ပွဲသိမ်းလိုက်ရမှာကလည်း ဇာတ်ထုံးစံမဟုတ်၍ အကျဉ်းအကျပ် ကျနေလေသည်။ ဇာတ်ခုံနောက်ပိုင်းတွင် အချိန်မှားပြီဟု ရုတ်ရုတ်သဲသဲ ဖြစ်နေကြလျက် မင်းသားကို ပြေးနှိုးပြောကြ၏။ မင်းသားမှာ မျက်လုံးပြူးနေ၏။

မယ်ဘွင့်သည် ပရိသတ်ကို လွမ်းနေရာမှ ဦးနှောက်ခြောက်လာအောင် အကြံထုတ်နေရတော့၏။ စိန်ဗေဒါကြီး၏ ဗျောညွန့်ကို ဒက်ခနဲ သတိရလိုက်သည်။
ဇာတ်ထဲ၌ မပါသောအခန်းကို ကောက်ထွင်ထည့်လိုက်သည်။ မယ်ဘွင့်သည် သေရမည့်အခန်းကို မသေသေးဘဲ အချိန်ကိုက်အောင် ရွာတစ်ခေါက်ပြန်လျက် ကျစ်ရစ်ခဲ့သော သားကလေးကို ရှင်ပြန်ပြုလိုက်လေသည်။

စာပုလွေ ရင်မှာပိုက်ပါလို့ ကျောင်းတော်ကိုလည်း လိုက်မယ်ပြင်
သေရမည့်ဆဲဆဲ သားကလေးကို ပျော်ပျော်ကြီး ရှင်ပြုပေးရင်း ဗျောညွန့် တစ်ပုဒ်ဆုံးအောင် ဝိသာခါ ကျောင်းအစ်မကြီးကဲ့သို့ ကလိုက်ဆိုလိုက်ဖြင့် တစ်မျိုး၊ သားနှင့်ခွဲရတော့မည်မို့ သားမသိအောင် လွမ်းလိုက်၊ ဆွေးလိုက်ဖြင့် တစ်မျိုး၊ ရီမလို ငိုမလို မူယာနှစ်မျိုးရောဖက်ကာ မီးကုန်ယမ်းကုန်ကျဲလေ၏။ ပရိသတ်ကိုထိန်းပြီး ပျော်ပျော်ကြီးလွမ်းနေရာ အပြင်ဘက်တွင် မိုးထိန်ထိန်ကြီးလင်းနေသည်ပင်မသိ။ ပရိသတ်မှာ တုတ်တုတ်မျှ မလှုပ်ဘဲ တစ်ရုံလုံး ငြိမ်နေကြလေ၏။

ပွဲသိမ်းလျှင် မယ်ဘွင့်မှာ ဟပ်ထိုးမောလျက် မလှုပ်နိုင်တော့ပေ။

မင်းသားစိန်အောင်မင်းသည် လက်ဖျားခါကာ မယ်ဘွင့်၏ ကျောကိုသပ်လျက် ပြဇာတ်ထဲ မလိုက်ပါနဲ့ ကွယ်၊ မင်းလို မင်းသမီးမျိုး ရှားပါတယ်၊ ဇာတ်ထဲမှာပဲ ကပါတော့ ဟု ဖျောင်းဖြလေသည်။

မယ်ဘွင့်၏ ခင်ပွန်းရဲဘော်ဦးအောင်သိန်းမှာ သူ့မယားကို ဇာတ်ထဲခေါ်ပြီး နိပ်စက်ရမလားဟု စိတ်နာနာဖြင့် တစ်ညတည်းကစေတော့ကာ နောက်တစ်ည ကခွင့်မပြုတော့ချေ။

မင်းသားမှာ ရဲဘော်ကျေနပ်အောင် တောင်းပန်၍ မရသဖြင့် နောက်ညအတွက် မင်းသမီးရှာငှားရလေ၏။ အိမ်၌ ကိုမြဟန်လာမည့်လမ်းကို လည်ပင်းတော်ရှည် စောင့်မျှော်နေရပေသည်။ ကိုမြဟန်သည် ပြုံးစေ့စေ့နှင့် ပေါက်လာလေသည်။
ဘယ့်နှယ်လဲ ကိုမြဟန်
ဒီမိန်းကလေးကောလို့ ကျွန်တော်က ဓာတ်ပုံထုတ်ပြတော့ ဒါလေးဆိုတော်သားပဲဗျ ဆိုပြီး ယူထားလိုက်တယ်ခင်ဗျ
ကိုမြဟန်သည် ဟားတိုက်၍ ရယ်နေလေ၏။ သူသည် ရင်ကိုလက်ဝါးနှင့်ရိုက်လျက် ရွေးတဲ့နေကျ၊ ကျွန်မမှန်းသိရင် ဘယ့်နှယ်လုပ်ပါ့မလဲ ဟု လန့်ဖြတ်ပြောနေလေသည်။

မင်းသမီးရွေးသည့်နေ့ မရောက်မီ နေ့စဉ်ပင် ရင်တုန်နေလေ၏။ လျှောက်လွှာလက်ခံထားသော မင်းသမီးလောင်းများ (၇) ရက် ကြိုတင်၍ ရုံကသီချင်းပေးသည်ကိုလည်း သွားမယူရဲပေ။ သွားလျှင် ဇာတ်မင်းသမီးမှန်း ပေါ်သွားမှာစိုးရသည်။

မင်းသမီးသစ်များ ရွေးသည့်နေ့၌ ရင်ထဲက တဖပ်ဖပ်ခုန်လျက် ဒူးတုန်နေလေသည်။ ဘုရားဂုဏ်တော်ကို အခေါက်ခေါက် မရပ်မနား ရွတ်သွား၏။ မအေကြီး၏ မေတ္တာရေကို အာရုံပြုကာ ရင်ထဲဖိုလာသည်။

အရွေးခံမည့် မိန်းကလေး သုံးဆယ်ခန့်ရှိ၏။ သူ့ကို မြင်မြင်ချင်း ရုံပိုင်က ဇာတ်မင်းသမီးပဲဟု ကန့်ကွက်တော့သည်။
အကဲဖြတ်လူကြီးတွေက ရွေးရင်ရွေးပေါ့၊ မရွေးလည်း ဆွဲချပေါ့ဗျာ
ကိုမြဟန်က ရုံပိုင်အား ဖွတ်ပြော၍ တင်ပေးလိုက်သည်။ သူသည် ကန့်လန့်ကာနောက်၌ ဒူးတုန်ကာ ရပ်နေ၏။ ကားလိပ်ရှေ့သို့ထွက်၍ မင်းသမီးလောင်းများ တစ်ယောက်ပြီးတစ်ယောက် အရွေးခံကြလေသည်။

သူမှာ သီချင်းလာမယူ၍ ဘာဆိုရမှန်းလည်းမသိ။ ချွေးတပြိုက်ပြိုက်ကျကာ ပူထူ၍သာနေတော့သည်။

တစ်ယောက်ထွက်၍ လက်ခုပ်သံများ ကြားလိုက်လျှင် အသက်ရှူမှားသွားကာ မျက်လုံးများ ပြာဝေသွားလေသည်။

မေရှင်ဆိုတဲ့ ချစ်ရေစင် သီချင်း ဆိုရတော့မှာပဲဟု ပြုံးကနဲ တွေးတောစဉ်းစားထားလိုက်သည်။

သူ့အလှည့်မလာခင် သူ့ရှေ့မှ မြင့်မြင့်ဌေး ထွက်သွားလေသည်။
မြင့်မြင့်ဌေးသည် ကောက်ခါငင်ကာ ချစ်ရေစင် သီချင်းကို ဆိုလိုက်လေသည်။

ဇာတ်ရုံကြီးတစ်ခုလုံး ချာလည် လည်သွားသလို ခေါင်းထဲတွင် မူးဝေ၍ သွားလေသည်။ သူဆိုရန် စဉ်းစားထားသော သီချင်းကလေးမှ ကောက်ဆိုရသလားဟု ရင်ထဲဟာသွားတော့သည်။

မြင့်မြင့်ဌေးအပြီး သူ့အလှည့်ရောက်လာရာ ခေါင်းနဘန်းကြီးလျက် ထွက်လာခဲ့သည်။ ရုတ်တရက် ဘာဆိုရမှန်း အကြံမရပေ။ ဇာတ်ခုံအောက်က စိန်ဝေလျှံအား ချစ်ရေစင် တီးပါနော်ဟု ပါးစပ်လေက ထွက်သွားလေသည်။

အဆောင်တော်ကူးကာ ဆွတ်ခူးလို့သာ သခင်ရယ်. . တစ်ပွင့်ထဲပန်းကို လှမ်းနိုင်ပေမယ်

သူသည် အသံမတုန်အောင် သီချင်းကို မနည်းသတိထား ဆိုပြရသည်။ မင်းသမီးကြီး ခင်အုန်းမြင့်သည် ထွက်လာကာ သူ့အား မေးခွန်းမေးလိုက်သည်။
ဒီမှာ ညီမလေး ပညာသင်တဲ့အရွယ်မှာ အချစ်ဝင်ရင် ခက်တယ်မဟုတ်လား

ဟုတ်ကဲ့ အစ်မရယ်၊ တိုင်းပြည်နဲ့ စစ်၊ သစ်ပင်နဲ့ အမြစ်၊ လူနဲ့ အချစ်ဟာ မကင်းနိုင်ကြပါဘူး၊ တိုင်းပြည်မှန်ရင် စစ်ဖြစ်ဖူးတာပဲ၊ သစ်ပင်မှန်ရင် အမြစ်ရှိတာပါပဲ၊ လူမှန်ရင်လည်း အချစ်ရှိတာပါပဲ၊ ညီမလေးကတော့ ပညာမတတ်ခင် အချစ်ကို လက်မခံပါဘူး

ပါးစပ်ထဲတွေ့ရာ စီကာပတ်ကုံး စွတ်တင်လိုက်ရာတွင် ဇာတ်ခုံအောက်မှ လက်ခုပ်သံတဖျောင်းဖျောင်းနှင့် သြဘာပေးလိုက်ကြလေ၏။
မင်းသမီးလောင်းရွေးအပြီး၌ အကဲဖြတ်လူကြီးများသည် မြင့်မြင့်ဌေးအား ၁၂မဲပေးကာ သူ့ကို ဇာတ်မင်းသမီး ဖြစ်ခဲ့၍ ၁၁မဲ ပေးလိုက်ကြသည်။
နောက်တစ်နေ့ ပွင့်သစ်စ ပန်းနှစ်ပွင့် ဟု သတင်းစာ မျက်နှာဖုံးတွင်ပါလာသော ရုပ်ပုံကို ကြည့်လိုက်ရာတွင် မြင့်မြင့်ဌေး ပုံကြီးမှာ ထင်းနေကာ သူ့ပုံမှာ ခပ်သေးသေး ဒေါင့်ကြားထဲ ကပ်နေ၏။ သတင်းစာ စာရွက်ကို ကြေသွားအောင် ဆုပ်ထားလျက် မျက်ရည်လည်လည်ဖြင့် ဇာတ်ပညာကို အထင်သေးလိုက်တာ ကိုစောကြည်ရယ် ဟု ဂီတာ စောကြည်အား ဝမ်းနည်း ပန်းနည်းပြောလိုက်သည်။

ဇာတ်ပဲ ပြန်ကတာ ကောင်းပါတယ်ရှင်
ဂီတာစောကြည်သည် သူ့အား နှစ်သိမ့်လေသည်။
ကိုယ့် အထုပ်ကြီးကို သူတို့ဖြည်ပါစေဦး၊ ဒီအထုပ်ကြီးဟာ ဘယ်နေရာချထားထားဗျာ၊ တစ်နေ့
ဖြည်တဲ့အခါကျတော့ ပေါ်လာမှာပေါ့
သူသည် ပြဇာတ်ထဲ ဝင်ဝင်ခြင်း ဒါရိုက်တာသုခ၏ ညြော် မိန်းမ ဇာတ်တွင် မိန်းမလယ်အခန်းက
ပါဝင်ကရသည်။

ညြော် မိန်းမ ပြသည့်ညဥ့် အိမ်မှ ရင်လုံးတင်လုံးပေါ်အောင် အဝတ်တွေ ခုထပ်ဝတ်လာ၏။ ခါးတွင်
လုံချည်ထူဖောင်းနေကာ ကြည့်မကောင်းအောင် ဖြစ်နေလေသည်။

စိန်ဝေလျှံသည် ဇာတ်ခုံပေါ်သို့ တက်လာသည်။

ကြည်ကြည်ငွေးကို တစ်ခုပြောချင်တယ်၊ စိတ်မဆိုးနဲ့နော်

ပြောပါရှင်၊ ပြောပါ
ခင်ဗျာ အောက်က ခံဝတ်လာတာချည်းက ထူလွန်းတယ်ဗျာ၊ ကြည့်မကောင်းဘူး၊ နယ်ချရယ်မှ
ကောင်းလိမ့်မယ်

သူသည် ဇာတ်ကရင်း နယ်ချရယ်ဆိုတာ ဘာများပါလိမ့်ဟု အတောမသတ် တွေးနေလေသည်။

နယ်ချရယ်အလုံးကို မမေ့အောင် ရွတ်နေရသည်။ ထိုညဥ့် နယ်ချရယ်ကို ရင်ထဲအထပ်ထပ်
ရွတ်ရင်းကနေလေ၏။
နာမည်ကျော် ပြဇာတ်မင်းသမီးကြီးများကို အရိုအသေပေးကာ အောက်ကျနောက်ကျပေါင်းရသည်။
တင်တင်မူကို ရဲရဲမကြည့်ဝံ့၊ ခိုးကြည့်ရသည်။ မင်းသမီးတွေ ပန်ထားကြသောပန်းကို နှစ်သက်မိကာ
အစ်မရယ်– အစ်မပန်းလေး လှလိုက်တာ၊ ဘယ်က ဝယ်ပါသလဲရှင် ဟု တိုးလျှိုး၍မေးလိုက်သည်။

စကော့မတ်ကတ်ကအေ့၊ ငါးကျပ်ပေးရတယ်
စကော့ဈေး၊ သိမ်ကြီးဈေးသို့ တစ်ခေါက်မှ မရောက်ဖူး၍ နာမည်ကြီး မင်းသမီးကြီးများထံမှ
ပန်းတစ်ပွင့်ငါးကျပ် ပေးဝယ်ပန် ထွက်ကရလေသည်။

မင်းသမီးများ၏ ထမီတပတ်နွမ်းအကျများကို ဝယ်ဝတ်ကရလေသည်။

ဒါရိုက်တာသုခ၏ ချစ်ကုမ္ပဏီ ဥ မင်းသားသစ် မြင့်လွင်နှင့် ပွဲဦးထွက်တွဲကရသည်။

ဒါရိုက်တာသုခသည် သူ့မင်းသမီးခြေကိုမြင်၍ ညည်းကကောလိပ်မရောက်သေးဘူး၊ ဘီအေမဖြေစမ်းနဲ့၊
အသာလျှိုထားစမ်း၊ မတတ်ချင်ယောင်ဆောင်နေဦး ဟု သတိပေးထားသည်။

ချစ်ကုမ္ပဏီ ကြည်ကြည်ငွေး စွံသွားပြီဟု သတင်းစာများက ဝေဖန်ချက်ရေးကြလေ၏။ ချစ်ကုမ္ပဏီ
ညောင်ရေသဘင်အပြီး ဒါရိုက်တာ ကိုချစ်မောင်၏ ရွှေရည်လူး ကပြသည်။

မင်းသား ကိုမျိုးချစ်ကို ကြည်ကြည်ငွေးနှင့် တွဲကစေချင်လျက် ဒါရိုက်တာက မင်းသားကို မပြောရဲပေ။ ပြဇာတ်ထဲဝင်စ သူ့အား ဇာတ်မင်းသမီးဟု ဘယ်မင်းသားကမှ မတွဲချင်ကြပေ။

မင်းသား ကိုမျိုးချစ်မှာ မင်းသမီး မေမြင့်နှင့်တွဲလျက် မင်းသမီး ခင်အုန်းမြင့်က မင်းသားကျော်အေးနှင့် တွဲကသည်။ သူ့မှာ တောသူလေးလုပ်ရ၏။ မင်းသမီးကြီးများ မလုပ်ချင်သောအခန်း၌ ထားလိုက်သည်။

သူ့အကြိုက်နှင့် တွေ့သွားလေ၏။ ပြဇာတ်မင်းသမီး လာရာ၍ တောရောက်လာကြသော မင်းသမီး ခင်အုန်းမြင့်တို့နှင့် တောသူရွှေကြည်တို့ မောင်နှမတွေ့ခန်းကို ပရိသတ်ပါးစပ်ပိတ်မနေရအောင် တောသူမနေရာက ပြဇာတ်နယ်ပယ်တစ်ခုလုံး၏ သရုပ်ပေါ်အောင် ဖော်ထုတ်လေသည်။ ရွှေရည်လူးမှ တောသူမလေး ရွှေကြည်၏ နာမည်မှာ သူ့ခင်ပွန်းမှအစ ပြဇာတ်ဖလင်ပိုင်းရှိ ရင်းနှီးသောသူများအားလုံး သူ့အားရွှေကြည်ပင် ခေါ်ကြတော့သည် အထိ တည်မြဲနေပေသည်။

ကျွန်မ စောင့်နေတဲ့ ကွေ့ဝင်လာတာ အစ်မကြီးရဲ့ ဘယ်အခါမဆို ကျွန်မ တစ်ခုခုလုပ်ရင် တစ်ခုခု ကျန်ရစ်စမြဲပဲ၊ ဒါရိုက်တာက တောသူမက တာယိုက်တာ ခေါ်ခေါ်ပြီး ပြက်တော့တာပဲ၊ ကိုချစ်မောင်က ကျွန်မရဲ့ မောင်၊ တောသူမောင်နှမ ပြက်လုံးအပေးအယူနဲ့ တစ်ယောက်နဲ့တစ်ယောက်ပို့ပေးပြီး ပြက်လိုက်ကြတာ အရသာ အတွေ့ဆုံးပဲ အစ်မကြီးရေ၊ ပရိသတ်ဆိုတာ ဝေါကနဲ ဝေါကနဲပဲ

ရွှေရည်လူးပြဇာတ်ထဲမှာ သူ့အကွက်၊ ကိုချစ်မောင်အကွက်၊ မင်းသားမျိုးချစ်အကွက်၊ မင်းသမီးများ အကွက်ကို အကုန်လုံး မကျန်ရစ်ခဲ့အောင် ပြောနေသည်။ ပြောနေစဉ် အက်တင်အမျိုးမျိုးပြောင်းသွား၏။ အသံ အမျိုးမျိုးပြောင်းသွား၏။ မောင်လုပ်သော ကိုချစ်မောင်၏ စကားလုံးအတိုင်း အသံမှာလည်း တူအောင်တုပြောသော အတိုင်း မျက်နှာအမူအရာ အက်တင်ဆိုလျှင်လည်း ကိုချစ်မောင်၏ အက်တင်။

ဇာတ်ခုံပေါ်၌ သုံးယောက်ဆုံထွက်နေသော အခန်းကို သုံးယောက်၏ဟန်၊ သုံးယောက်၏အသံ၊ သုံးယောက်၏သီချင်း၊ သုံးယောက်၏စကား၊ ကျွန်မ၏ မျက်စိထဲတွင် တစ်ချိန်တည်းမြင်နေရ၏။ ကျွန်မ၏ နားထဲတွင် တစ်ချန်တည်းကြားရ၏။ တူရိယာသံများ ဝေ့နေလေသည်။ ကျွန်မသည် စာဟောဆရာ၊ ကွက်စိပ်ပြော ဆရာကို ပြေးသတိရလိုက်သည်။ ရှင်ဘုရင်လည်း သူ၊ မင်းသားလည်းသူ၊ မင်းသမီးလည်းသူ၊ ကျွန်မ နားထောင်ခဲ့ ဖူးသော ကွက်စိပ်မှာ ဆိုင်းကအကွက်ကျရာဘေးမှ တီးပေးရခြင်း ဖြစ်သည်။

ကြည်ကြည်ငွေးသည် သုံးလေးယောက်၏ အက်တင်နှင့် အဆိုအပြောကို တစ်ယောက်တည်း ကွက်စေ့အောင် ကပြနေစဉ်ဆိုင်းကို ပါးစပ်ထဲ ထည့်ထားသဖြင့် ကွက်စိပ်ထက် သူကသာနေပေသည်။

သီချင်းဆိုခါနီး တီးလုံးစမ်းလိုက်သည့် ဆိုင်းသံ၊ ပတ်သံ၊ တူရိယာသံကို ပါးစပ်ကတီးစမ်းရင်း ဆိုပြသွားလေသည်။

ကျွန်မမှာ မျက်လုံးကို စိုက်ထားသလို နားကိုလည်း စိုက်ထားရ၏။ ကျွန်မစိုက်ကြည့်နေသော မျက်လုံးထဲတွင် အက်တင်အမျိုးမျိုး ပြောင်းနေသည့် သူ့ရုပ်ပုံကို ပုံဖမ်း၍ မရတော့ပေ။ မျက်နှာလေးမှာ လုံးသလိုလို၊ ပြားသလိုလို သွယ်သလိုလို၊ ဝိုင်းသလိုလို ဘယ်လိုမှ ဖမ်းလို့မရနိုင်သော မျက်နှာမျိုး ဖြစ်နေလေသည်။

အသက်ဝင်အောင် ဖန်တီးနိုင်သော အရည်အချင်းမှာ သူ့မျက်လုံးထဲတွင် ပေါ်နေလေသည်။

လူရွှင်တော်ကိုချစ်မောင် အကွက်ဝင်၍ ကိုချစ်မောင် ကြည့်လိုက်သောအကြည့်ဖြင့် ပြောင်း၍ အသက်သွင်းလိုက်သော သူ့မျက်လုံးသည် သူ့မျက်လုံးမဟုတ်တော့ဘဲ ကိုချစ်မောင်၏မျက်လုံးဖြစ်လာလေသည်။

ကိုချစ်မောင်၏ အက်တင်ကို မမြင်ရသည့်တိုင် ကိုချစ်မောင်အသံနှင့် ကိုချစ်မောင်၏ ဟန်ပန်လှုပ်ရှားမှု တစ်ရပ်လုံး ပြောရင်းလုပ်ပြသွားသည့် နေရာတွင် အသက်ဝင်သော မျက်လုံး၏အစွမ်းဖြင့် ပကတိ ကိုချစ်မောင်က ပြောဆိုနေသည့်အတိုင်း စိတ်ထဲ ထင်ဟပ်ထားနိုင်သည်။

ဖျတ်ကနဲ ဖျတ်ကနဲ ပြောင်းသွားသော သူ့အသံ၊ သူ့အက်တင်၊ ဖျတ်ကနဲ ဖျတ်ကနဲ ပြောင်းသွားသော ကိုချစ်မောင်အသံ၊ ကိုချစ်မောင်အက်တင်၊ ဖျတ်ကနဲ ဖျတ်ကနဲ ပြောင်းသွားသော မင်းသားအသံ၊ မင်းသားအက်တင် တို့ကြောင့် ကျွန်မ၏ မျက်လုံးမှာ ပင်ပန်းနေသလောက် သူ့မှာ ပင်ပန်းခြင်းအရိပ်ရောင် တစ်စက်မှ မရှိ။ တတ်လည်း တတ်နိုင်သည်။ ဒေါက် ဒေါက် ဒေါက်နေအောင် ပြောလည်း ပြောသွား၊နိုင်ပေသည်။ ပြောနေရင်း သီချင်းဝင်လာလေသည်။

သာယာချိုနွဲ့သော တေးသံလေးမှာ နှလုံးတွင် သင်းကြည်ချိုအေးသွားလေ၏။ ရွှေရည်လူးမှ ဂီတလုလင်ပြဇာတ်ကို ကူးသွားလေသည်။
ကျွန်မသည် ဂီတလုလင်ပြဇာတ်ကို ကြည့်နေလေသည်။ မျက်လုံးထဲတွင် နှစ်ထပ်မြင်ရအောင်၊ နားထဲတွင် နှစ်သံကြားရအောင် သူသည် ပြဇာတ်ထဲ၌ ပြဇာတ်အကွက်အတိုင်း အမူအရာနှင့်တကွ ဆိုပြောပြနေရင်း

အစ်မကြီး ကျွန်မက ငယ်ငယ်က ပွဲကြည့်ဖူးတဲ့ဇာတ်ကို ငိုပြောကလေးနဲ့ ဇာတ်လမ်းရုပ်လုံးပေါ်အောင် သရုပ်ဖော်လိုက်တယ်
ကျွန်မမှာ ဓာတ်ပုံ ကင်မရာကို ချိန်နေသည့်အတိုင်းပင် ကျွန်မ၏အာရုံထဲ၌ ပြဇာတ်နှင့် ဇာတ်ပွဲ နှစ်မျိုးစလုံးဝင်အောင် ချိန်ထားရလေ၏။

ပြဇာတ်ထဲတွင် သူကတစ်ဆင့် သူမောင်အား ပြန်ပြောနေသော ငယ်ငယ်က ကြည့်ခဲ့ဖူးသည့် ဇာတ်ကြောင်းကို အကွက်ကျဟန်ပန် သရုပ်ဖော်ပြောဝို လွမ်းနေလေသည်။
ဂီတလုလင်ပြဇာတ်တွင် သူ့အား ၅၂ ခုနှစ် ပြဇာတ်ဘုရင်မ, တန်းကုန်မင်းသမီးဟူ၍ သတင်းစာများက ချီးကျူးရေးသားကြသည်။

နှစ်ဆင့်မေတ္တာ ထဲတွင် အရူးမအခန်းကို ပြခဲ့သည်။ ရွပ်ရွပ်ချွံချွံ လုပ်သွားလေသည်။ ဇာတ်ခုံပေါ်၌ မရှက်မကြောက်ရူးပြ၏။
စုတ်ပြတ်ပြီး မလုံတလုံ အဝတ်အစားနှင့် ရုပ်ပျက်ဆင်းပျက် ခုန်ပေါက်ကပြပြီး ရူးပြတာ မကြည့်ဝံ့ရင်လည်း ပြန်ကြရုံပဲ၊ ကျွန်မတော့  ရှက်မနေပါဘူး၊ အလုပ်ဟာ အလုပ်နဲ့တူအောင် လုပ်မှဖြစ်တာ ဟု ပြောနေလေသည်။
စံပြမယား တွင် သူ၏လွမ်းခန်းကို ပရိသတ်အသည်းခိုက်ကြသည်။ ကာယဗလဦးရှိန်နှင့် အလွမ်းကို ငေးနေစဉ် ပါးစပ်မှ ဆေးပြင်းလိပ်ပြုတ်ကျကာ လုံချည်လောင်ပေါက်သွား၏။
မင်း အလွမ်းကောင်းလိုက်တာ ပုဆိုးမီးလောင်သွားတယ်၊ ဆေးပေါ့လိပ်များဆိုရင် ရုံပါလောင်တယ်ဟေ့ ဟု သူ့အား ရယ်ကာမောကာ ပြောလေသည်။

ပြဇာတ်ထဲ၌ ကနေစဉ် တစ်ညတွင် မမျှော်လင့်ဘဲ အခက်အခဲတစ်ခုကို ကျော်နင်းခဲ့ရသည်။ ဇာတ်ကွက်မှာ သူလွမ်းနေရမည့်အခန်းတွင် မင်းသားက ကားနောက်မှ ထွက်လာရမည်။
မင်းသားမှာ ကားနောက်မှ ထွက်မလာ၊ မင်းသားထွက်မလာမချင်း ထပ်တလဲလဲလွမ်းပြနေရသဖြင့် ဇာတ်အိုင်နေလေသည်။

ပြဇာတ်အပြီးခေါ်ရန် လာစောင့်နေသော ရဲဘော်ဦးအောင်သိန်းမှာ မင်းသားအထွက်နောက်ကျနေ၍ ဇာတ်ခုံပေါ်၌ အကျပ်ရိုက်နေသော မယားကို ကြည့်နေရာမှ မင်းသားကို သွားပြောသည်။

ရွှေကြည် လွမ်းနေပြီ၊ ခင်ဗျား ထွက်လေ

မင်းသားမှာ လူတစ်ယောက်နှင့် စကားပြောနေရာက ဒီမှာ စကားပြောနေလို့ဗျ ဟု လှမ်းပြောလိုက်သည်။ သူသည် မင်းသားထွက်ခဲလိုက်တာဟု စိတ်အိုက်လျက် နှစ်ကျော့ သုံးကျော့ လွမ်းနေရပြီးမှ ကဗျာကယာ မင်းသားထွက်လာလေသည်။
ရဲဘော်သည် ဇာတ်ခုံပေါ်မှ ပြန်ဆင်းလာသောမယားကို မျက်လုံးဝင်းဝင်းတောက်ကြည့်ကာ ရှူးရှူးရှဲရှဲနှင့် တိုးတိုးကပ်ပြောလိုက်သည်။

ရွှေကြည် ဇာတ်သိမ်း၊ ကိုယ့်ကိုယ်ကို သတ်ပြီးရင် ဇာတ်ကြောင်းပြန်ဖော် ပြောမနေနဲ့တော့၊ တစ်ခါတည်းသာ သေလိုက်၊ ကြားရဲ့လား

သူ့ရင်ထဲမှာ အေးခနဲ ဖြစ်သွားလေသည်။ မဟုတ်မခံချင်တတ်မှန်း ရဲဘော်၏စိတ်ဓာတ်ကိုလည်း သိသည်၊ ရဲဘော်ပြောသလို ဇာတ်ကြောင်းမပြန်ဘဲ သေလိုက်လျှင် ဇာတ်ကွက်နာတော့မည်။

သူသည် ကားလိပ်ရှေ့သို့ မထွက်ခင် အသက်ရှုရကျပ်နေ၏။ ဇာတ်အနာခံမလား၊ လင့်စိတ်ကြိုက် လိုက်မလား၊ တစ်ခုခုကို လုပ်ရတော့မည်။ ဇာတ်သိမ်းခါနီး လာကြုံရသည့် အခက်အခဲကို ရင်ဆိုင်ရန် သွေးအေးအေးနှင့် စွန့်စားရလေသည်။

သူသည် နောက်တစ်ခန်းတွင် ရဲဘော်မှာသည့်အတိုင်းမလုပ်။ ကိုယ့်ကိုယ်ကိုသတ်ကာ ဇာတ်ကြောင်းပြန် ပြောပြီးမှ သေလိုက်သည်။

အစ်မကြီးရေ ကျွန်မဇာတ်ခုံပေါ်က ဆင်းလဲလာရော သူမှာတာ မလုပ်ရလားလို့ ဒေါသဖြစ်ဖြစ်နဲ့ ပိတ်ရိုက်တာပဲ၊ လူတွေရှေ့မှာ အရိုက်ခံရတာ၊ သူများဆို ရှက်မှာပဲ၊ ကျွန်မတော့ ရှက်ဖို့လည်း သတိမရဘူး၊ သူလည်း နည်းနည်းမှ စိတ်မဆိုးဘူး၊ သူနေရာက သူစိတ်မျိုးနဲ့ နေကြည့်ရင် ရိုက်ချင်မှာပဲလို့ တွေးပြီး သူရိုက်တာကို ခွင့်လွှတ်တယ်၊ ဇာတ်ကြောင်းပြန်နေရင် သူစိတ်ဆိုးလိမ့်မယ်ဆိုတာ တွေးပြီးသား၊ ရိုက်ချင်ရိုက်၊ သတ်ချင်သတ်၊ ဇာတ်ကွက်တော့ ဘယ်နည်းနဲ့မှ အနာမခံဘူး၊ အရိုက်သာခံမယ်

ဇာတ်ခုံနောက်မှာ ဖြစ်ပျက်ခဲ့သော သူ၏အကျပ်အတည်းကို အရိုက်ခံပြီး ဖြေရှင်းလိုက်သည်။ ဇာတ်ကွက် အနာမခံ၊ သူ့အသားသာ အနာခံ စွန့်စားလိုက်လေသည်။
ပြဇာတ် ဇာတ်ထုပ်ပေါင်းများစွာ ကခဲ့သည့် ပြဇာတ်ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်က ကွဲတာတို့၊ သေတာတို့နဲ့ ဇာတ်သိမ်းမယ်ဆိုရင် ပရိတ်သတ်က တယ်မကြိုက်ဘူး၊ ကြည်ကြည်ဖြူဖြူနဲ့ကျမှ ပရိသတ်က လက်ခံတယ်၊ လူဝင်တယ် ဟု ပြောလေသည်။

မြေပဒေသာဇာတ်ထုပ်ကို နောက်ဆုံးကပြခဲ့ပြီးနောက် ပြဇာတ်မကတော့ဘဲ ရပ်နားနေလိုက်သည်။ ပြဇာတ် အလုပ်နားထားခိုက် ဘားမာပရိုက်တွင် ဓာတ်ပြားသွင်းနေလေသည်။
(၆)

အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာ ဦးတင်မောင်က အခေါ်လွှတ်လိုက်သည်။ ရင်ထဲတွင် ဖိုသွားလေသည်။
ရုပ်ရှင်ကမ္ဘာကြီးများက ပယ်ချလိုက်၍ ပြဇာတ်ထဲရောက်သွားကာ နောက်ဆုံးဇာတ်ပြားသွင်းနေရခိုက် ရုပ်ရှင်
ကုမ္ပဏီက လာခေါ်ခြင်းသည် ရုတ်တရက် အိပ်မက်ကဲ့သို့ ဖြစ်နေလေသည်။
ကျွန်မကို ခေါ်လွှတ်တယ်လား
ဟုတ်တယ်၊ အားရင် ခဏလိုက်ခဲ့ပါ

ရုပ်ရှင်က ခေါ်ပြီ ဟု နှစ်သိမ့်အားရစွာဖြင့် အိမ်မှထွက်လာခဲ့သည်။ မှန်တစ်ချပ်ရှေ့၌ထောင်ကာ
ရုပ်ရှင်ရူးခဲ့ဖူးသော ငယ်စဉ်က ဇာတ်မင်းသမီးလေးဘဝကို တစ်လမ်းလုံးမြင်ယောင်လာလေသည်။

ကျယ်ဝန်း၍ စိန်းလန်းစိုပြေနေသော မဟာမြိုင်ခြံကြီးထဲသို့ဝင်လျှင် ဟိုကြည့်၊ သည်ကြည့် ကြည့်လျက်
လိုက်ဖို၍ နေလေသည်။ အသံသွင်းသည့် စတူဒီယို အဆောက်အဦးများကို ငေးမျှော်ကြည့်၏။
ရုပ်ရှင်မင်းသမီးကြီး မေရှင်ကို သတိရလိုက်သည်။

မေရှင်ဆိုသော ချစ်ရေစင် သီချင်းဆိုတာ ပြဇာတ်မင်းသမီး အရွေးခံခဲ့၍ သင်ဆရာ၊ ကြားဆရာများတွင်
သူလည်းအပါအဝင် သူ၏ကျေးဇူးဟု စိတ်ထဲက ဦးချလိုက်မိသည်။

ဒါရိုက်တာ ဦးတင်မောင်သည် လှမ်း၍ပြုံးလိုက်သည်။ မျက်နှာချိုချိုဖြင့် ဒါရိုက်တာရှေ့၌ ဝင်ထိုင်သည်။
ရုပ်ရှင်ရိုက်မလား
ရိုက်တာပေါ့ အစ်ကိုကြီးရယ်
ချစ်သက်ဝေကား တွဲရမယ်၊ အစ်ကိုကြီးနဲ့ တွဲရမယ်
ဝမ်းသာလုံးဆို့သွားလေသည်။ ဒါရိုက်တာ ဦးတင်မောင်က သူနှင့်တွဲဖက်လျက် ရုပ်ရှင်ရိုက်ရန်ရွေးခြင်းမှာ
ရည်မှန်းချက်နှင့် ပြည့်စုံသွားလေသည်။
ပြဇာတ်ခုံပေါ်မှ ရုပ်ရှင်နယ်သို့ စိတ်ကူးရောက်သွားလေတိုင်း သူနှင့်တွဲဖက်၍ ကနေသော မင်းသားမှာ
ဒါရိုက်တာ ဦးတင်မောင်ဖြစ်သည်။
ဒီဇာတ်ကားအတွက် ရှစ်ရာပေးမယ်
ပေးချင်သလောက်ပေးပါ အစ်ကိုကြီးရယ်၊ ကျွန်မ ကြိုးစားပါ့မယ်

ခြံထဲသို့သွားကာ ရုပ်ရှင်ရိုက်နေလေသည်။ ဒါရိုက်တာဦးတင်မောင်မှာ သူ့အလိုကျသင်ကြားရာတွင်
သုံးပုံနှစ်ပုံလောက်လိုက်နိုင်၍ ကျေနပ်အားရသွားလေသည်။ ကိုယ်တိုင်မိတ်ကပ်လိမ်းချယ်ပေးကာ
စိတ်တိုင်းကျ သင်ပြရိုက်နေလေ၏။
ဇာတ်မင်းသမီးဘဝက ဖက်ရှင်လုပ်ကာ ရွှေကွပ်ခဲ့သောသွားမှာ ရုပ်ရှင်ရိုက်ရာတွင် ကွက်မဲနေ၍
ဆေးသုတ်ရိုက်ရလေသည်။
ကင်မရာချိန်ကာနီး ရွှေသွားကို ဆေးသုတ်ရခြင်းမှာ မင်းသမီး၏ အမှတ်တံဆိပ်ဖြစ်သော
ရွှေကွပ်ထားသည့်သွားက ရွှေကိုပလိုင်ယာဖြင့် ဖြုတ်ပစ်လိုက်သည်။

ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံက မွေးထုတ်လိုက်သော ဇာတ်မင်းသမီးလေးကို ပြဇာတ်ဒါရိုက်တာ
ဦးသုခက ပြဇာတ်မင်းသမီးအဖြစ် စင်ပေါ်တင်လိုက်ကာ ဒါရိုက်တာ ဦးတင်မောင်က ရုပ်ရှင်မင်းသမီးအဖြစ်
အသက်သွင်း နေလေ၏။
ကားရိုက်၍ တစ်ဝက်လောက်ရောက်လာလျှင် ကြည်ကြည်ဌေး၏ အရည်အချင်းကို သဘောကျကာ
ရှစ်ရာမှ တိုးကာ တစ်ထောင်ပေးမည်ဟု ပြောလေသည်။
ပေးချင်သလောက်သာပေးပါ အစ်ကိုကြီးရယ်၊ ဘယ်လောက်ပေးပေး ကျေနပ်ပါတယ်

ချစ်သက်ဝေဇာတ်ကား ရိုက်ကူးပြီးစီးသည့်အဆုံး၌ အေဝမ်းကုမ္ပဏီက အရည်အချင်းကို တန်ဖိုးထားကာ နှစ်ထောင့်ငါးရာပေးသည်။

အနုပညာဘက်၌ တွေ့ကြုံရသော အဖိအနှိပ် အခက်အခဲများကို ခံနိုင်ရည်ရှိရှိဖြင့် ကိုယ်လိုရာပန်းတိုင်သို့ အရောက်ဆွတ်ခူးခဲ့သော အောင်မြင်ခြင်းဖြင့် ကျေနပ်အားရ ကြည်နူးနေစဉ် အကယ်ဒမီဆုပေးရန် ချစ်သက်ဝေ ဇာတ်ကားမှ အတော်ဆုံးရုပ်ရှင်မင်းသမီးအဖြစ် ရွေးချယ်ခြင်းခံရ၏။
ဇာတ်မင်းသမီးရယ်လို့ အထင်သေးပြီး ဝိုင်းနှိမ်လိုက်ကြတာ အစ်မကြီးရယ်၊ ကျွန်မအဖို့မှာတော့ ပြဇာတ်တို့၊ ရုပ်ရှင်တို့ဆိုတာ ဇာတ်က ကွဲစင်သွားတဲ့ အမဒန်ကလေး၊ အစက်ကလေးလောက် အောက်မေ့ပါတယ်၊ ဇာတ်ပညာကမှ တကယ်ခက်ခဲတဲ့အနုပညာပါ၊ ပြဇာတ်မှာ စာရေးဆရာရေးပေးတဲ့ သီချင်းကျက်၊ ဒိုင်ယာလော့ (ပြောရမည့်စကား) ကို ဒါရိုက်တာ ပေးတဲ့အတိုင်း ပြောချင်ပြော၊ ကိုယ်က ဉာဏ်ထွင်ပြုပြင်ပြီး သာအောင် ပြောနိုင်ရင်လည်း ပြောပဲ၊ ရုပ်ရှင်ကျတော့ ကိုယ့်အသက်ဘာမှ မရှိတော့ဘူး။ ဒါရိုက်တာစိတ်ထဲရှိသမျှ ကိုယ့်စိတ်ထဲသွင်း၊ သူတို့ပြောခိုင်းတာပြော၊ သူတို့ခိုင်းတဲ့အတိုင်း သဘာဝကျအောင်လုပ် ဒါပါပဲ၊ ဇာတ်ကျတော့ ကိုယ့်အသက်ပဲ၊ ကိုယ့်အစွမ်းအစ ကိုယ်ထုတ်သုံးရတာ၊ ရှာဖွေပြီး ဉာဏ်စွမ်းထုတ်ရတယ်

ဇာတ်ထဲမှာ စာတွေကျက်ရမှာပဲနော် ဟု ကျွန်မက ပြောလိုက်သည်။
ဇာတ်ထုပ်တွေက တစ်ညတစ်ထုပ် တစ်မျိုးကရတာ၊ စာတွေဘယ်ကျက်နိုင်မလဲ၊ ကျက်လည်း ထပ်နေတော့ ဘယ်မှတ်မိတော့မလဲ၊ ဇာတ်မှာ ကန့်လန့်ကာနောက် ဖယောင်းတိုင်ထွန်းပြီး စာပို့တဲ့လူတစ်ယောက် အမြဲရှိရတယ်၊ သီချင်းထောက်နေတုန်း ဖယောင်းတိုင် မီးငြိမ်းသွားရင် ရပ်နေလို့ဖြစ်တာ မဟုတ်ဘူး၊ စာပို့တဲ့လူက နောက်က စာရွက်ကြည့်ပြီး တိုးတိုး သိုက်ဆရာရှင် ပြောရင် ကျွန်မရှေ့က သိုက်ဆရာရှင် သံကုန်ဟစ်ဆိုရင်း နောက်ကို နားစွင့်ထားရတယ်၊ နားအင်မတန်လျင်မှ ပါးမှ–

ရိုက်ကာပင် မတရားမညှာ မပြုလိုက်ပါနဲ့
ဆွဲဆိုလိုက်ပြီး
ဖြည်းဖြည်းပေါ့ဟဲ့ လို့ ကန့်လန့်ကာရှေ့မှာထားတဲ့ မျက်နှာနဲ့ပဲ ပရိသတ်မသိအောင်၊ မကြားအောင် ပါးစပ်သိပ်မလှုပ်ဘဲ ပြောလိုက်တယ်။

ရတနာတစ်ခုကို ရွှေစင်ကသာ ယူလိုက်ပါတော့
ကျွန်မက ရှေ့က ရတနာတစ်ခုကို ရွှေစင်ကသာ ယူလိုက်ပါတော့ဆိုပြီးနောက်က မဆက်တော့ဘူး၊ ပဝါကို မျက်ရည်တို့သလိုလိုနဲ့ ဟဲ့ မြန်မြန်ဆက်ပါဟဲ့ လို့ သေပြေးရှင်ပြေး ပြောရတယ်။

မီးငြိမ်းသွားပြီဗျ၊ နေဦး
ကျွန်မ ရပ်နေလို့ဖြစ်မလား၊ ရှေ့လည်း မဆက်နိုင်ဘူး၊ ဒီတော့ ချမ်းသာပေးပါ သိုက်ဆရာရယ်၊ ရွှေစင် ရွှေတိုက်ထဲ ရတနာတွေကိုလေ သိုက်ဆရာလိုချင်သလောက် ယူသွားပါရှင်၊ ယူပြီးတော့ ငွေခင့်ကို ချမ်းသာပေးခဲ့ပါ သိုက်ဆရာရဲ့

သိုက်ဆရာရှင် ရိုက်ကာပင် မတရား မညှာ မပြုလိုက်ပါနဲ့၊ ရတနာတစ်ခုကို
သည်လို ပြန်ကောက်ဆိုရင်း ဟဲ့ကောင်လေးရဲ့ ဆက်ပါတော့ဟဲ့ လို့ ကန့်လန့်ကာနောက်ကို ငေါက်လည်း ငေါက်ရတာ။

ကျွန်မမှာ ဇာတ်ပညာကို ပိုမို၍ စိတ်ဝင်စားနေမိလေ၏။ ဖယောင်းတိုင်မီးငြိမ်းသွား၍ ကန့်လန့်ကာ နောက်ကို ငေါက်ကာ အကြပ်ရိုက်နေသည့် ပွဲကြည့်ပရိတ်သတ် မမြင်နိုင်သော မင်းသမီး၏ အမူအရာများကို ရထားတွဲထဲတွင် မြင်နေရလေသည်။
ဇာတ်ခုံအောက်က ဆိုင်းဆရာကလည်း ဒီညှ မင်းသမီး ဘယ်သီချင်းတွေဆိုမယ်လို့ အတိအကျ မှတ်ထားရတာမျိုး မဟုတ်ဘူး၊ မင်းသမီး ပါးစပ်ဟမှာကို တစ်ချိန်လုံး စိုက်ကြည့်နေရတာ ၊ အကွက်ဆိုက်ရာမှာ ဉာဏ်လျင်ပြီး တော်ရုံသင့်ရုံ ကောက်ဆိုရတယ်၊ တခါတလေ ဖြူပြာမူရာပတ်ပျိုးကို မထေ့တထေ့လေး လွမ်းချင်းလုပ်ပြီး ညည်းဆိုချင်ဆိုလိုက်တာပဲ၊ တစ်ခါတစ်လေ ကျွန်မက ရှင်တို့ အမေဆိုလို့ဆဲ၊ အိမ်ခွဲပါလို့ ဆောက်ရအောင် အဲသလို ခြောက်ပေါက်သံပျိုးလိုက်တော့ ဝိုင်းက ခြောက်ပေါက် တီးပြီး ဒီအပိုဒ်ကို တစ်ခါထပ်ပြီး အမှန်ကောက်ဆိုလိုက်ရင် နဲ့သမားက ကဗျာကယာ နဲ့ကြီးကောက်မှုတ်ရတာ၊ ဇာတ်ထဲက ဆိုင်းသမားတွေဟာ လျင်ရတယ်
ဇာတ်ခုံပေါ်မှ ဆင်းလာသော ဇာတ်မင်းသမီးဖြစ်၍ အခြားရုပ်ရှင် မင်းသမီးများနှင့်မတူ ရုပ်ရှင်တစ်ဖက်မှ ရိုက်နေရင်း မင်းပွဲစိုးပွဲ ဧည့်ခံပွဲကြီးတွေကလာ၍ခေါ်လျှင် ရုပ်ရှင်ရိုက်ဖျက်ကာ စေတနာ့ဝန်ထမ်း လိုက်ဆိုကရ လေ၏။ ပြဇာတ်ထဲမှာ ဘယ်မင်းသမီးမှ မလုပ်ချင်သောအခန်းများ သူလုပ်ခဲ့သလို ရုပ်ရှင်ဘက်၌လည်း ဒါရိုက်တာခိုင်းသမျှလုပ်၏။

ရတနာပုံဇာတ်ကားတွင် မီးလောင်၍ ရုပ်ဖျက်ပစ်သော အနာရွတ်ကြီးများကို ကားရိုက်မပြီးမချင်း လေးငါးရက် မဖျက်ဘဲနေလေ၏။
အနောက်နိုင်ငံမှ ရုပ်ဖျက်ဆေးဖြင့် မျက်နှာကို ပွတ်သိမ်းလိုက်ရာ အသားမှာ ဖူးယောင်၍လာသည်။ ဖူးယောင်လာသော အသားပေါ်၌ ဂွမ်းစပါးပါးလေးကပ်လျက် ဆေးသုပ်လူးလိုက်ရာ ဆေးကစုပ်ယူသဖြင့် အသားပကတိက ကြွဖုလျက် အနာရွတ်ကြီးများ ဖြစ်လာလေ၏။ ဤအခန်းမပြီးမချင်း ဘယ်သူမြင်မြင် အနာရွတ်ကြီးကို မဖျက်တော့ပေ။
ရတနာပုံဇာတ်ကားကို ပင်ပန်းဆင်းရဲခံ ရိုက်ရလေသည်။ ၃/ ၄ ရက် ထမင်းမစားရ။ အိပ်က ပျက်သည်။ တခါတစ်ရံ တစ်ညလုံး မနားတမ်း ရိုက်ကူးသည်။ ဒါရိုက်တာဦးတင်မောင်က ကော်ဖီနှင့် ပေါင်မုန့်လေးပဲ သောက်ပါဟယ် ဟု ဆိုသည်။ သို့ဖြင့် ၃/ ၄ ရက်အတွင်း ပိန်ချုံးသွားလေရာ ရတနာပုံနောက်ဆုံး ဇာတ်သိမ်းခါနီး မမာသည့်အခန်းမှာ တကယ်ပင်ပန်းနွမ်းလျနေကာ သေခါနီးကဲ့သို့ ညှိုးငယ်နေလေသည်။ အဲသလို ရုပ်ပျက်ဆင်းပျက်အခန်းမျိုး ရိုက်ရတာ သဘောအကျဆုံးပဲ၊ ကျွန်မ ဝါသနာက တစ်ခုတည်း မဟုတ်ဘူး၊ ရက်စက်တဲ့ အကြမ်းခန်းလုပ်ရရင် သူတကာဆဲချင်အောင် သိပ်လုပ်ချင်တာပဲ၊ ရယ်စရာလုပ်ရမယ် ဆိုရင်လည်း ပရိတ်သတ်ပါးစပ်ပိတ်မနေရမှ အားရတယ်၊ လွမ်းရမယ်ဆိုရင်လည်း ကြည့်တဲ့သူမျက်ရည်ကျအောင် လွမ်းပြချင်တာပဲ၊ အစ်ကိုကြီး ကိုတင်မောင်ဟာ မင်းသားလုပ်ခဲ့တာ ဘယ်တော့မှ မျက်ရည်မကျခဲ့ဘူး၊ ကျွန်မသေတဲ့ အခန်းရိုက်တော့လေ မျက်ရည်တွေ ဝဲလာတာပဲ၊ ရွှေကြည်ရယ် ညည်းအသံနဲ့ ညည်းဒိုပုံဟာ ငါ့ကိုမျက်ရည်ဝဲ သွားတာပဲ လို့ ကားရိုက်ပြီး ပြောပြောရယ်လိုက်တာ အစ်မကြီးရယ်၊ အစ်မကြီးလည်း ခုကတည်းက လက်ဖျား ဆွဲထားမယ်၊ ကျွန်မဇာတ်ကတယ်ဆိုရင် လာသာကြည့်နော်၊ မျက်ရည်ကျရစေ့မယ်

ခင်စိန်ကြည်မှာ မသေခင် ကိုထွန်းမြတ်နှင့် စကားပြောချင်နေလေသည်။ ကိုထွန်းမြတ် ဝင်လာသောအခါ မမာနေသောသေခါနီးဆဲဆဲ ခင်စိန်ကြည်မှာ ကိုထွန်းမြတ်ကို လှမ်း၍ဖက်လိုက်သည်။ ကားရိုက်နေသော ကြည်ကြည်ဌေးမှာ နေ့စဉ်ရက်ဆက် ပင်ပန်းအားပျော့နေလေရာ တကယ်ပင်ကိုထွန်းမြတ်အား မှီကာဖက်ထား လိုက်သည်။ စိတ်ကလည်းညစ်ပြီး ငိုချင်နေလေရာ မျက်နှာမှာအလွမ်း ရုပ်ပေါ်လျက် တကယ်ပင် မျက်ရည်များ ကျကာ စိတ်ထိခိုက်လာလေ၏။

မင်းသားဦးတင်မောင်ကိုယ်တိုင်မှာ ကြည်ကြည်ဌေး၏ လွမ်းပုံကို ခံစားထိခိုက်လျက် အသံများ တုန်ရီဆို့လှိုက်ကာ မျက်ရည်များဝဲလာခြင်း ဖြစ်လေ၏။

ကြည်ကြည်ငွေးသည် ပြောပြီးဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။ ကျွန်မမှာ မျက်မှောင်ကုတ်လျက် မယုံနိုင်သောမျက်နှာဖြင့် ပြန်မေးလိုက်သည်။

ဇာတ်ကချင်သေးလား
အို အစ်မကြီး ကျွန်မဇာတ်ထဲကလာတဲ့ ဇာတ်မင်းသမီးပါ၊ ဇာတ်ထဲ ပြန်သွားမှာပေါ့
ပြဇာတ်ထဲတွင် ကြည့်ဖူးစက သူ့အား အနုပညာအခြေခံရှိရမည်ဟု ဝေဖန်ချက်မှတစ်ဆင့်တက်လျက် ကိုယ့်အမျိုးအား အခြေအမြစ်ကို အားကိုးသော ပညာသည်ဖြစ်သဖြင့် သူမှ အနုပညာသည်အစစ်ဟု မှတ်ချက်ချလိုက်ရလေသည်။
ပြည်ဘူတာရုံထဲသို့ ရထားထိုးဆိုက်လျှင် လူရွှင်တော် ကိုချစ်မောင်တို့ လူအုပ်မှာ ဘူတာရုံ၌ စောင့်ကြိုနေကြလေ၏။ ကြည်ကြည်ငွေးမှာ ဒါရိုက်တာ ဦးတင်မောင်၏ ခွင့်ပြုချက်အရ ပြည်သို့ ဇာတ်လာက,လေသည်။

အစ်မကြီးရေ ရန်ကုန်ကို တူတူဆုံပြန်ရရင် ကောင်းမှာပဲနော် လူချင်းခွဲကာနီး ကျွန်မလက်ကိုဆွဲဆုပ်ကာ နှုတ်ဆက်ထွက်သွားလေ၏။

ကျွန်မမှာ ဘူတာရုံမှ ထွက်ခဲ့လျက် စိတ်ဝင်စားဖွယ်ရာကောင်းလှသည့် ကြည်ကြည်ငွေး၏ဘဝကို မှတ်တမ်းတင်လိုစိတ်မှာ ပြင်းပြသွားလေတော့သည်။